မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်း

**ရန်ကုန် မေ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်အပါး (၁၁၂)ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပိဋကတ်သုံးပုံ အာဂုံရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်ဆက်ကပ်လှူဒါန်းစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်)

# တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါ

နိုင်ငံတိုင်းတွင်တပ်မတော်တစ်ရပ်စီရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း တပ်မတော်တစ်ရပ်သာရှိရမည်ဖြစ်သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်နှင့်အတူပေါ်ပေါက်လာပြီး ရရှိထားသောလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အထူးကာကွယ်စောင့်ရှောက်လျက်ရှိသည်။ လွတ်လပ်ရေးရပြီးကာလအစတွင် ကြုံတွေ့ခဲ့ရသောအခက်အခဲများကိုရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် အောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုနှင့်ပြည်ပကျူးကျော်မှုတို့ကို ဇွဲ၊ လုံ့လ၊ ဝီရိယရှိစွာတိုက်ပွဲဝင်ပြီး နိုင်ငံတော်၏ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့သည်။

တပ်မတော်သားတိုင်း၏အမျိုးသားရေးတာဝန်သည် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး” ဟူသောဒို့တာဝန်အရေးသုံးပါးဖြစ်သည်။ တပ်မတော်သားတိုင်းတစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်(၂၀)ပါး သတ်မှတ်ထားရာတွင် အရေးကြီးဆုံးသောကျင့်ဝတ်(၃)ပါးမှာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပါ။ နိုင်ငံတော်၏တရားဥပဒေများကိုလိုက်နာစောင့်ထိန်းပါ။ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပါဟူသော ကျင့်ဝတ်များဖြစ်သည်။ တပ်မတော်သားတိုင်းသည် နယ်ဘက်ဥပဒေ၊ စစ်ဘက်ဥပဒေများကိုလိုက်နာကြရသူများဖြစ်ကြသည်။ ထို့ကြောင့် စစ်စည်းကမ်းကိုတိကျစွာလိုက်နာပါဟူသော ကျင့်ဝတ်ကိုလည်းတန်ဖိုးထားကြရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁၁ ရက်က တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားစဉ် “တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန်အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများပြည့်ဝရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက်ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မြော်တွေးပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားတိုင်းသည် မိမိအားပေးအပ်ထားသောတာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ ဘေးအန္တရာယ်ကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့်ရဲရဲရင့်ရင့် ရင်ဆိုင်ကြရသည်။ ထိုသို့ရင်ဆိုင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ်နှင့်ပြည့်စုံအောင်လည်းကြိုးစားကြရသည်။ ထို့အတူတပ်မတော်သားတိုင်းတိုက်ပွဲဝင်စိတ်ဓာတ်ရှိနေရမည်ဖြစ်သည်။ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိတိုက်ရဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကိုအသက်စွန့်ပြီး မြှင့်တင်လိုသည့်စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်တို့နှင့်ပြည့်စုံနေကြရမည်ဖြစ်သည်။

တပ်မတော်သားများအားလုံးအနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေးကိုကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ တစ်ဦးချင်းကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကိုမှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကိုလေ့ကျင့်နေခြင်းပင်ဖြစ်သည်။ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်းလိုက်ပါလုပ်ဆောင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရာတွင် ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသည့် စစ်လက်နက်နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရမည်ဖြစ်သည်။

စစ်သည်တစ်ဦးချင်းစီအလိုက် အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight) ဖြစ်စေရေးအတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန်ဆောင်ရွက်နေရမည်ဖြစ်သည်။ လေ့ကျင့်ရေးဆောင်ရွက်နေခြင်းသည် စစ်သည်အားလုံးကျန်းမာရေးကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းရေး၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးများရရှိလာမည်ဖြစ်သည်။ စစ်သည်တစ်ဦးချင်းစီအလိုက် ၎င်းတို့၏အရည်အချင်းနှင့်လုပ်ကိုင်နိုင်စွမ်းအပေါ်မူတည်၍ သင့်လျော်သည့်လုပ်ငန်းတာဝန်များကို နေရာမှန်တာဝန်ပေးအပ်ပြီး တာဝန်ထမ်းဆောင်ရန်အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့်မိသားစုများ၏သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့်အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသောအခြေအနေများအရ လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေရသည့် တပ်များမှစစ်သည်များနှင့်မိသားစုဝင်များအတွက်လည်း ထိုက်သင့်သည့်ချီးမြှင့်မှုများနှင့် လိုအပ်သည့်သက်သာချောင်ချိရေးကိစ္စရပ်များကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်သားတို့သည် နိုင်ငံတော်အတွက်ကြီးမားသောတာဝန်များကိုထမ်းဆောင်နေကြသူများဖြစ်ကြပေရာ မိမိတို့အားပေးအပ်ထားသောတာဝန်များကိုအောင်မြင်စွာထမ်းဆောင်နိုင်သူများဖြစ်အောင်ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွေ့ဆိုင်းခွင့်ရသူများ

**ရွေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ညောင်ဦး၊ လူမှုရေး

## နွေရာသီကာလသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလှိုင်းကျေးရွာ၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိနှင့် အိမ်သွယ်ရေတိုင်စနစ် ရေမီတာတပ်ဆင်အသုံးပြုမှုအခြေအနေများကို တာဝန်ရှိသူများက မေလ ၁၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့်ဝန်ထမ်းများသည် ရွှေလှိုင်းကျေးရွာ၌ လက်ရှိရေသုံးစွဲနေမှုအား ကွင်းဆင်းစစ်ဆေးပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ကျေးရွာအတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် လေးလက်မ စက်ရေတွင်း တစ်တွင်းနှင့် ပါဝါမီတာ၊ အင်ဂျင်သုံးစနစ်ဖြင့် လေးလက်မ စက်ရေတွင်း တစ်တွင်း စုစုပေါင်းရေအရင်းအမြစ်နှစ်ခုမှ အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဖြင့် ကျေးရွာရေပေးဝေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာ၌ လက်ရှိအခြေအနေတွင် သောက်သုံးရေအခက်အခဲမရှိသော်လည်း နွေရာသီကာလများတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် အစီအမံများ၊ ရေအရင်းအမြစ်များ၏ ကြံ့ခိုင်မှုအခြေအနေများနှင့် အိမ်သွယ်ရေတိုင်စနစ် ရေမီတာတပ်ဆင်အသုံးပြုမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မာ**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မိန့်ကြားချီးမြှင့်တော်မူသော သာရဏီယဩဝါဒကထာ

**စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊စတုက္ကနိပါတ်၊အသုရဝဂ် နှာ(၄၀၉)၌လာသော ခိပ္ပနိသန္တိသုတ်တော်၌-

**စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ကတမေ စတ္တာရော အတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ ပရဟိတာယ ပဋိပန္နော နော အတ္တဟိတာယ၊ နေဝတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ အတ္တဟိတာယ စေဝ ပဋိပန္နော ပရဟိတာယ စ။**

(၁) မိမိအကျိုးစီးပွားအလို့ငှါသာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါ မကျင့်သောပုဂ္ဂိုလ်၊


(၂) သူတစ်ပါးအကျိုးစီးပွားအလို့ငှါသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှါမကျင့်သောပုဂ္ဂိုလ်၊

(၃) မိမိအကျိုးစီးပွားအလို့ငှါလည်းမကျင့် သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း မကျင့်သောပုဂ္ဂိုလ်၊

(၄) မိမိအကျိုးစီးပွားအလို့ငှါလည်းကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း ကျင့်သောပုဂ္ဂိုလ်-

ဟူ၍ ပုဂ္ဂိုလ်လေးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုလေးမျိုးတို့တွင်-

(၁) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရ ဆောင်နိုင်သောသဘောရှိ၏။ နှုတ်တက်အရဆောင်ထားသောတရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာလည်းကျင့်၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကား မပြည့်စုံ။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှါ မစွမ်းနိုင်။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှါသာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်မည်ပါသည်။



ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင်သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်း၊ သာမဏေများကို စာပေသင်ကြားပို့ချမှုမရှိခြင်း၊ ရဟန်းရှင်လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကို မဟောကြားခြင်း၊ သာသနာတော်၏အနှစ်ဖြစ်သောအကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် ရဟန်းရှင်လူတို့အား သင်ကြားပြသမှုမရှိခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို မပြုလုပ်ခြင်းတို့သည် ပထမပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၂) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာမရှိ / ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရဆောင်နိုင်သောသဘောမရှိ။ နှုတ်တက်အရဆောင်ထားသောတရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့မရှိ။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာကျင့်လေ့မရှိ။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကားပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှါ စွမ်းနိုင်၏။ ထိုသူသည် သူတစ်ပါးအကျိုးစီးပွားအလို့ငှါသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှါ မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။ ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက်တတ်မြောက်အောင် မသင်ကြားနိုင်သော်လည်း စကားပြောကောင်း တရားဟောကောင်း၍ ရဟန်းရှင်လူများအကျိုးစီးပွားဖြစ်ထွန်းအောင် မိမိတတ်ထားသမျှ ဟောပြောပြသနေသောပုဂ္ဂိုလ်များသည် ဤဒုတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၃) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာမရှိ။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာကျင့်လေ့မရှိ။ ကောင်းသောစကားကောင်းသောအသံနှင့်လည်းမပြည့်စုံ။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှါမစွမ်းနိုင်။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှါလည်းမကျင့်။ သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင်မသင်ကြား၊ စကားကိုလည်း သူတစ်ပါးနားဝင်အောင်မပြောတတ်၊ တရားလည်း မဟောတတ်၊ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင်လည်း မစွမ်းဆောင်သောပုဂ္ဂိုလ်များသည် ဤတတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၄) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ကောင်းသောစကား ကောင်းသောအသံနှင့်လည်း ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှါစွမ်းနိုင်၏။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှါလည်း ကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း ကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင်သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်းသာမဏေများကို စာပေသင်ကြားပို့ချခြင်း၊ ရဟန်းရှင်လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကိုဟောကြားခြင်း၊ သာသနာတော်၏အနှစ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် ရဟန်းရှင်လူတို့အား သင်ကြားပြသမှုရှိခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုလုပ်အားထုတ်ခြင်းတို့သည် ဤစတုတ္ထပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

**တိပိဋကစာမေးပွဲအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-**

ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်အောင် ကြိုးစားအားထုတ်တော်မူကြပြီးလျှင် မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားစည်ကားတိုးတက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် ရဟန်းသာမဏေငယ်များကို ပရိယတ္တိစာပေသင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ရဟန်းရှင်လူအပေါင်းတို့အား ထေရဝါဒပိဋကတ်တော်များနှင့်အညီ တရားဓမ္မဟောပြတော်မူကြ၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော ပဋိပတ်အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသတော်မူကြ၍လည်းကောင်း၊ သာသနာပြုလုပ်ငန်းများကို စွမ်းအားရှိသမျှ ကြိုးစားအားထုတ်တော်မူကြ၍လည်းကောင်း ခိပ္ပနိသန္တိသုတ်လာ ပုဂ္ဂိုလ်လေးမျိုးတို့အနက် စတုတ္ထပုဂ္ဂိုလ်မျိုးတွင်ပါဝင်သော သာသနာ့အာဇာနည် ဂုဏ်ရည်ထူးချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြလိမ့်မည်ဟု ယုံကြည်ကိုးစား အားထားလျက်ရှိကြပါသည်။

အရှင်မြတ်တို့ကလည်း ခိပ္ပနိသန္တိသုတ်၌ မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် အတ္တဟိတ ပရဟိတ ပဋိပန္နစတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားအားထုတ်တော်မူကြပါ။ နိုင်ငံတော်အစိုးရအမှူးပြုသည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း သာသနာ့အာဇာနည် အရှင်မြတ်တို့ ရွှင်လန်းချမ်းမြေ့စွာ သာသနာပြုနိုင်ကြစေရန် ပစ္စည်းလေးပါးထောက်ပံ့ကြလျက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးအားထုတ်ကြပါဟု တိုက်တွန်းလျက် သာရဏီယဩဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်အပ်ပါသတည်း။

## ပညာရေးဝန်ကြီးဌာန "၂၀၂၄-၂၀၂၅ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများ အားလုံးသိရှိလိုက်နာရမည့်အချက်များ

**မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**

**ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**

**အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**

ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။

ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။

ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။

နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အောင်သည် ခြေလှမ်းတိုင်း အတွေးတွေနှင့် တွေးနေသည်။

လူနာတင်လှည်းပေါ်မှ မျက်နှာပေါ် အဝတ်ဖြူအုပ်လျက် လူသေကောင် အလောင်းတစ်လောင်းကို လှမ်းမြင်ရပြီး ရင်ထဲ၌ တုန်လှုပ်သွားလေသည်။

စိတ်သက်သာရာ သက်သာကြောင်း အတွေးများကို ရှာဖွေကြည့်မိရင်း ကိုရွှေသိမ်းမင်း၏ ဇာဒင်ဥယျာဉ်မှပန်းပွင့်များကဗျာထဲမှ ကဗျာတစ်ပုဒ်ကို သတိရမိလေသည်။

သူ့ကဗျာကိုမှီး၍ အောင့်ရင်ထဲ၌ ကိုလတ်အတွက် ဆုတောင်းကဗျာလေးတစ်ပုဒ်ကို ရေးဖွဲ့မိလေသည်။

**လောကကို ပန်ကြားခြင်း**

သူ့အသက်အား
နှစ်ဆယ့်ငါးနှစ်တိုင်တိုင်
လက်သင့်ခံထားနိုင်သောလောကငဲ့။
သူသည်
သင့်ခြေရင်းထက်
ထွက်သက်ဝင်သက်ကိုပြုလျက်
ငယ်စဉ်အခါ ပျော်ပါးသောတေးကိုဆိုလျက်။
လူလားမြောက်သော်
လူတို့၏ ပစ္စက္ခဝေဒနာကို ခံစားလျက်
တေးသံမပါ၊ နိုးကြားလာသောစေတနာ
တေးကဗျာကို ရွတ်ဆိုလျက်
ချစ်သူကို ကျီစယ် ရွှင်လန်းရယ်မောလျက်
မနက်ခင်းကို အိုမင်းစေခဲ့ပြီ။
မိတ်ကောင်းငဲ့. . .
သူ့အသက်အား
သားနှယ် ချစ်ကြင်နာပါလော့။

**အခန်း(၅၇)**

ဆေးရုံလှေကားပေါ်မှ ဆင်းလာသူအားလုံးကို ခလုတ်တိုက်မိလေသည်။

ရှေ့မှ ခပ်စောစောကမြင်နေရသော ကိုအောင်လည်း မျက်ခြည်ပြတ်သွားပြီဖြစ်သည်။

လှေကားကိုတက်လာသော ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အောင်၏ ရင်ခုန်သံတွေက ဆိုင်းချက်လိုလိုက်နေသည်။

"မိတ်ကောင်းငဲ့. . . သူ့အသက်အား သားနှယ် ချစ်ကြင်နာပါလော့"

ရင်ထဲမှ ဒီစကားများကို ခဏခဏ ရွတ်ဆိုမိလေသည်။ သူသည် လောကကို စိတ်ရှည်ရှည်နှင့် ချော့မြှူလျက်ရှိလေသည်။

ထို့ကြောင့် မိတ်ကောင်းငဲ့ဆိုသည့်နေရာတွင်. . .

အရှင်သခင်ငဲ့ဟု စိတ်ထဲမှ ကျိုးနွံစွာ ဆိုလိုက်မိလေသည်။

အရှင်သခင်ငဲ့. . .

ကိုလတ်ရဲ့အသက်ကို သားလိုချစ်ကြင်နာပါလော့။

အောင်သည် ချောစုနားသို့ရောက်တော့ ဒူးတွေမှာ အလိုလိုညွတ်လာသဖြင့် ထိုင်ချလိုက်ရလေသည်။

ချောစု၏လက်တွေကိုင်ထားသော အောင်၏ လက်တွေမှာ လူသေလက်လို အေးစက်နေသည်။

"နင်ကလည်း ကြာလိုက်တာဟယ်၊ ကိုလတ်အခြေအနေသိပ်မကောင်းဘူး"

"ဟင်"

အောင်သည် ချောစု၏မျက်နှာကို ငေးကြောင်ကာ ကြည့်နေသည်။

သတိသည် ကင်းလွတ်နေသူပမာ ကြည့်သော်လည်း မမြင်။

ချောစုက ဦးဆောင်သဖြင့် ကိုလတ်ခုတင်နား ပြေးကြည့်ကြသည်။

> **"ကိုလတ်ခုတင်နားတွင် သူနာပြုတွေ၊ ဆရာဝန်တွေ ဝိုင်းအုံနေသည်။**
> **လူအုပ်ကြားထဲမှ ထွက်လာသောကိုအောင့်လွယ်အိတ်ကို အောင်က ဖျတ်ခနဲ ဖမ်းဆွဲလိုက်လေသည်။**
> **ကိုအောင်က ဖျတ်ခနဲ အောင့်ကို လှမ်းကြည့်လိုက်သော်လည်း ဘာမှမပြောဖြစ်။**
> **အောင်သည် မေးရန်စကားများကို မေ့နေသည်။ ဘာစကားလုံးမှ စဉ်းစား၍ ခေါင်းထဲမပေါ်တော့။**
> **"သွေးထပ်အန်တာမကောင်းဘူး"**
> **ဘေးမှ မတ်တတ်သွားနိုင်သော လူနာတစ်ဦးက ထင်မြင်ချက်ပေးလိုက်လေသည်. . ."**

ကိုလတ်ခုတင်နားတွင် သူနာပြုတွေ၊ ဆရာဝန်တွေ ဝိုင်းအုံနေသည်။

လူအုပ်ကြားထဲမှ ထွက်လာသောကိုအောင့်လွယ်အိတ်ကို အောင်က ဖျတ်ခနဲ ဖမ်းဆွဲလိုက်လေသည်။

ကိုအောင်က ဖျတ်ခနဲ အောင့်ကို လှမ်းကြည့်လိုက်သော်လည်း ဘာမှမပြောဖြစ်။

အောင်သည် မေးရန် စကားများကို မေ့နေသည်။ ဘာစကားလုံးမှ စဉ်းစား၍ ခေါင်းထဲမပေါ်တော့။

"သွေးထပ်အန်တာမကောင်းဘူး"

ဘေးမှ မတ်တတ်သွားနိုင်သော လူနာတစ်ဦးက ထင်မြင်ချက်ပေးလိုက်လေသည်။

"သွေးထပ်အန်တာတဲ့လား"

အောင့်ရင်ထဲမှ စကားသည် နှုတ်ဖျားမှ ထွက်မလာတော့။

ကိုလတ်ကို လူနာတင်လှည်းပေါ်သို့ တင်ကြသောအခါ အောင့်မျက်စိတွင် အဝတ်ဖြူဖုံးထားသော အလောင်းကို မြင်ယောင်လာလျက်. . .

"မတင်ပါနဲ့၊ ဒီလိုမတင်ပါနဲ့"

ဟု ယောင်ယမ်းကာ ပြောလိုက်မိလေသည်။

ဒီလိုပြောမိတာမှားသွားပြီဆိုတာလည်း ကိုယ့်ဘာသာကိုယ်သိလိုက်သည်။

ကိုအောင်သည် အောင့်လက်မောင်းကို လှမ်းဆွဲကာ နံရံနားသို့ ကပ်ရပ်စေလိုက်သည်။

"စိတ်ကို ခိုင်ခိုင်ထားတော့၊ သေလမ်းနဲ့ရှင်လမ်း နှစ်လမ်းပဲရှိတော့တယ်၊ အကောင်းချည်း မျှော်လင့်နေလို့ မရတော့ဘူး၊ အဆိုးကိုလည်း တွေးထားရတော့မယ်၊ အဆိုးလာရင် ခံနိုင်ရည်ရှိဖို့ အဆင်သင့်ပြင်ရမယ်"

"ကျွန်တော်နားလည်ပါတယ်"

အောင်သည် နံရံကိုခေါင်းမှီလျက် မျက်ရည်တွေ ဖြာလျက်ကျလာလေသည်။

ကိုအောင်၏ ထွက်သက်လေပြင်းပြင်းသည် အောင့်နဖူးပေါ်သို့ ကျလာလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

ရန်ကုန်၊ အိမ်ရာ

## သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ ဒုတိယအဆင့် အိမ်ခန်းမဲပေါက်သူများကို စတင်နေရာချထားပေးမည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်၌ တည်ဆောက်ထားသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ ဒုတိယအဆင့် အိမ်ခန်းမဲပေါက်သူများကို ဇွန်လ ၁ ရက်တွင် စတင်နေရာချထားပေးမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ ကျန်ရှိနေသည့်အိမ်ခန်းပေါင်း ၁၉၄၀ ကျော်ကို ဇွန်လမှစတင်၍ သုံးကြိမ်ခွဲပြီး နေရာချထားပေးမည်ဖြစ်ရာ ထိုသို့နေရာချထားပေးရာ၌ ဇွန်လတွင် အခန်းပေါင်း ၈၁၀၊ ဇူလိုင်လတွင် ၈၆၄ ခန်းနှင့် ဒီဇင်ဘာလတွင် ၂၇၂ ခန်းတို့ကို ပြည်သူများအတွက် အခန်းနေရာချထားရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ ဒုတိယအဆင့် တိုက်အလုံးရေ ၅၀ ရှိ အိမ်ခန်းပေါင်း ၈၀၀ အနက် တိုက် ၄၈ လုံးရှိ အိမ်ခန်းပေါင်း ၇၆၈ ခန်းအတွက် မီတာများရရှိပြီးဖြစ်၍ မေလအတွင်း မီတာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အပြင် ငွေပေးသွင်းခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းကို မေလ ၂၀ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သုခဒဂုံပြည်သူ့အငှားအိမ်ရာကို ဒဂုံ(တောင်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီး လမ်းဆုံအနီး၌ တည်ဆောက်လျက်ရှိပြီး အိမ်ခန်းပေါင်း ၃၁၀၀ ကျော်ပါရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက အခန်းပေါင်း ၁၁၆၈ ခန်းကို ပြည်သူများနေထိုင်နိုင်ရေးအတွက် နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ထိုအိမ်ရာ၌ အိမ်ခန်းငှားရမ်းနေထိုင်ခြင်းသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ငါးနှစ်နေထိုင်ပြီးပါက အိမ်ခန်းကို ပြန်လည်အပ်နှံရမည်ဖြစ်ကာ ကနဦးထုတ်ပြန်ချက်အရ ပထမထပ်၏ တစ်လတာငှားရမ်းခနှုန်းထားမှာ ငွေကျပ် ၆၇၀၀၀၊ ဒုတိယထပ်၏ တစ်လတာငှားရမ်းခနှုန်းထားမှာ ငွေကျပ် ၆၀၀၀၀၊ တတိယထပ်၏ တစ်လတာငှားရမ်းခနှုန်းထားမှာ ငွေကျပ် ၅၅၀၀၀၊ စတုတ္ထထပ်၏ တစ်လတာငှားရမ်းခနှုန်းထားမှာ ငွေကျပ် ၄၆၀၀၀ ဖြစ်ကြောင်း သိရသည်။ **ခန့်ခန့်**

ရန်ကုန်၊ စီးပွားရေး

## ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထား

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောပြချက်အရ သိရသည်။




"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပကို ပုဂ္ဂလိကကဏ္ဍကနေ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထားပါတယ်။ ပျားရည်အနေနဲ့ ပန်းပေါင်းစုံပျားရည်နဲ့ ရော်ဘာပျားရည်ကိုတင်ပို့ပါတယ်။ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံကို အဓိကတင်ပို့ပါတယ်" ဟု ဦးမျိုးတင့်ကပြောသည်။

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိထားသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၁၅၀ ရရှိခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၅၀ ရရှိသည့်အတွက် ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၂၀ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းရရှိခဲ့ခြင်းဖြစ်သည်။

ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ်အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်းတင်ပို့ကြောင်း သိရသည်။ **စောယု**

နေပြည်တော် မေ ၁၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘသွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေမှ လုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးထားရှိမှု၊ MSME Member Card များထုတ်ပေးထားရှိမှု၊ သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်သူ့လုံခြုံရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု စသည့်အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း ကျင်းပပြုလုပ်မည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ခံနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူများအား စနစ်တကျ စိစစ်ရွေးချယ် ဆောင်ရွက်နေမှုအခြေအနေများ၊ ပန်းခင်းစီမံချက်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တင်ပြချက်များအရ စိုက်ပျိုးရေးလုပ်ငန်း၌ နွေစပါးစိုက်ပျိုးမှုတွင် မျိုးစေ့ချကိရိယာ Seeder ကိုအသုံးပြု၍ စိုက်ပျိုးရာတွင် အထွက်နှုန်းပိုမိုကောင်းမွန်မှုရရှိသည်ကို တွေ့ရှိရသဖြင့် နည်းစနစ်မှန်ကန်စွာဖြင့် အထွက်နှုန်းကောင်းအောင် အသိပညာပေးပြီး အောင်မြင်အောင် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူအားလုံးအတွက် မိမိတိုင်းဒေသကြီး၏

**☐ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူအားလုံးအတွက် မိမိတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိမှုများဖြင့် ဖူလုံအောင် ဆောင်ရွက်သွားရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထား...**

**☐ သန်းခေါင်စာရင်းကောက်ယူခြင်းသည် ဆန္ဒမဲပေးခြင်းနှင့်မတူညီ...**

**☐ သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့်သက်ဆိုင်ပြီး သန်းခေါင်စာရင်းမှန်ကန်စွာကောက်ယူနိုင်မှုသည် နိုင်ငံတော်အတွက်အရေးကြီး...**

**☐ စာရင်းဇယားများမှန်ကန်မှသာ မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း လိုအပ်သလို စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် စနစ်တကျ ကောက်ယူသွားရန်လို...**

**☐ MSME လုပ်ငန်းမှ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မိမိဒေသ၌ ရောင်းချနိုင်ရေးဦးမတည်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်ပပို့ကုန် အမယ်သစ်များဖြင့် ထုတ်လုပ်တင်ပို့နိုင်ရေးကို အဓိကဦးတည်ချက်ထားပြီး မူဘောင်အတွင်းမှ စီမံဆောင်ရွက်ရန်လို...**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိမှုများဖြင့် ဖူလုံအောင် ဆောင်ရွက်သွားရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားကြောင်း၊ အဆိုပါလမ်းညွှန်ချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများက တင်သွင်းရန် မလိုအပ်သည်အထိ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းအောင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဥစားကြက်၊ အသားတိုးကြက်များကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားရှိမှုကို ကြည့်ပါက အကောင်ရေ ၁၇ သန်းမှ သန်း ၂၀ နီးပါး ကြားတွေ့ရှိရကြောင်း၊ အဆိုပါမွေးမြူထားရှိမှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုစရိတ် လျှော့ရန်အတွက် တပ်မတော်သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အစာစပ်စက်ရုံများ တည်ဆောက်၍ ကိုယ်တိုင်အစာထုတ်လုပ်သည့်စနစ်ဖြင့် ဆောင်ရွက်ပါက အစာဈေးနှုန်းကုန်ကျစရိတ်မှာ ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်း ခန့်သက်သာနိုင်သည့်အပြင် မိမိကိုယ်တိုင်ထုတ်လုပ်သဖြင့် လိုအပ်ချက်အပေါ် မူတည်၍ လိုအပ်သလို ဆောင်ရွက်နိုင်သည့်အတွက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုစရာမလိုသည့်အပြင် ဥ(၁)လုံးချင်း ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြက်၊ ဝက်၊ ငါး၊ ကျွဲ၊ နွားအစာများ ကိုယ်တိုင်အစာစပ်စက်ရုံ တည်ဆောက်ထုတ်လုပ်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုမို

စာမျက်နှာ ၆ သို့ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားစဉ်။

❑ စာမျက်နှာ ၅ မှအဆက်

အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ၈ ဘီလီယံအပေါ် လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေပမာဏသည် ၇ ဒသမ ၅ ဘီလီယံကျော်ရှိသည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါထုတ်ချေးထားသည့် ချေးငွေများသည် လုပ်ငန်းအမှန်တကယ်လည်ပတ်မှုရှိရန်လိုကြောင်း၊ ချေးငွေချေးရာတွင် ကာလတိုချေးငွေ၊ ကာလလတ်ချေးငွေနှင့် နှစ်ရှည်ချေးငွေများရှိပြီး ချေးငွေများအပေါ် မူတည်၍ ချေးယူထားသည့် လုပ်ငန်းရှင်များကလည်း လုပ်ငန်းများ မှန်မှန်ကန်ကန်အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ချေးငွေရယူ၍ ဆောင်ရွက်နေသည့်လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/မရှိ မျက်ခြည်မပြတ် သိရှိနိုင်ရေး စစ်ဆေးသွားရန်လိုကြောင်း၊ ထိုသို့ လုပ်ငန်းများအမှန်တကယ်ဆောင်ရွက်မှသာ ချေးငွေများပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ပြီး အဆိုပါရရှိသည့်ငွေများကို ထပ်မံ၍အခြားသောငွေကြေးလိုအပ်ချက်ရှိသည့် လုပ်ငန်းများသို့ ထပ်မံချေးငွေများ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်ပတ်သက်၍ စာရင်းဇယားများအရ မဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ(၁၅) ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၀)နှစ်တွင် တစ်ကြိမ်သာကောက်ယူသည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာကောက်ယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် ဆန္ဒမဲပေးခြင်းနှင့်မတူညီကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့်သက်ဆိုင်ပြီး သန်းခေါင်စာရင်းမှန်ကန်စွာကောက်ယူနိုင်မှုသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ အဆိုပါစာရင်းဇယားများ မှန်ကန်မှသာ မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်း လိုအပ်သလို စနစ်တကျစီမံဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန်စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

မကြာမီ မိုးရာသီရောက်ရှိလာမည်ဖြစ်သည့်အတွက် မိုးကြိုကာလ ဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မိုးရာသီစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာမြို့နယ်များအလိုက်ကြီးကြပ်၍ လျာထားချက်နှင့်ပြည့်မီအောင် ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် မိုးရာသီတွင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ရောဂါများအတတ်နိုင်ဆုံးဖြစ်ပွားမှုမရှိစေရေးမပြတ်စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အတန်းစဉ်မပြတ် တက်ရောက်ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း၍ စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စားသုံးဆီဖူလုံရေးအတွက် နေကြာနှင့်အခြားဆီထွက်သီးနှံများကိုလည်း စနစ်တကျစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပို၍ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ပိုင်တစ်နိုင်မှ အလယ်အလတ်အဆင့်ထိ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများကိုလည်း သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မှုကြောင့် ဝင်ငွေများရရှိလျက်ရှိရာ ယခုထက်ပို၍ တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းမှ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မိမိဒေသ၌ ရောင်းချနိုင်ရေး ဦးမတည်ဘဲ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ပြည်ပပို့ကုန်အမယ်သစ်များဖြင့် ထုတ်လုပ်တင်ပို့နိုင်ရေးကို အဓိကဦးတည်ချက်ထားပြီး မူဘောင်အတွင်းမှစီမံဆောင်ရွက်ရန်လိုအပ်ကြောင်း။

လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း လစ်ဟာမှုမရှိစေရန် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ပြည်သူအပေါ် မလိုလားအပ်သည့် အနိုင်ကျင့်မှုများ၊ အဓမ္မငွေကြေးကောက်ခံမှုများ မပြုလုပ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက အထူးကြပ်မတ်၍ ဥပဒေဘောင်အတွင်းမှ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းမှုနှင့်ပတ်သက်၍ ဥပဒေများထုတ်ပြန်ပြီး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နေမှုများအပေါ် တည်ငြိမ်အေးချမ်းမှုကိုပျက်စီးစေလိုသည့်ပြည်ဖျက်မီဒီယာအချို့က ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် မဟုတ်မမှန်ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိသည်ကိုတွေ့ရှိရပြီး မိမိတို့အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အကူဖြစ်စေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်နိုင်ငံတော်မှခွဲဝေပေးသည့် ဘတ်ဂျက်ဖြင့်သာ မရပ်တည်ဘဲ မိမိတိုင်းဒေသကြီး၏ ရှာဖွေရရှိသည့် ဘတ်ဂျက်ဖြင့် ရပ်တည်နိုင်သည်အထိ အဆင့်လိုက် အစီအမံကောင်းများ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် စီးပွားရေးဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး ရေ၊ မီး၊ အလုပ်သမားစသည့်ကိစ္စရပ်များကိုလည်း ချမှတ်ထားသည့် မူဘောင်အတွင်းမှ သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပညာရေးဝန်ကြီးဌာန “၂၀၂၄-၂၀၂၅ ပညာသင်နှစ်” မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက်သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေးကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့်ဆေးကုသမှုခံယူနိုင်ရေးကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအားသတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

နောင်ချို၊ လူမှုရေး

## နောင်ချိုမြို့ သဖန်းကိုင်းပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ရဟန်းသံဃာများ ကျောင်းသား ကျောင်းသူများ ယာယီနေရပ်စွန့်ခွာသူများအတွက် ဆန် ဆီ ဟင်းချက်စရာများလှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သဖန်းကိုင်း ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ရဟန်းသံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသားများ၊ ယာယီနေရပ်စွန့်ခွာသူများ အသုံးပြုနိုင်ရန် ဆွမ်းဆန်၊ ဆီ၊ဟင်းချက်စရာများကို စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။



ထိုသို့လှူဒါန်းရာတွင် နောင်ချိုမြို့နယ်အတွင်းနှင့်ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ဟင်းချက်စရာများကို မေလ ၁၂ ရက်တွင် လှူဒါန်းရာ သဖန်းကိုင်းဆရာတော်မှလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

သဖန်းကိုင်း ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ရဟန်း၊ ရှင်သာမဏေ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများကို ဆရာတော်မှ အနီးကပ်ကြီးကြပ်စောင့်ရှောက်ပေးလျက်ရှိသည့်အပြင် ကွန်ပျူတာသင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်



သင်ကြားလျက်ရှိကြောင်းနှင့် အာယုဒါန (အခမဲ့) ဆေးခန်းကိုလည်း ဖွင့်လှစ်ထားရှိကာ လူမျိုးဘာသာမရွေး လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာသူများ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သဖန်းကိုင်းပရဟိတဆရာတော်ထံမှ သိရသည်။

**ထွေးငယ်(နောင်ချိုပြန်/ဆက်)**

---

ထားဝယ်၊ လူမှုရေး

## ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးမည့်ဒေသခံတောင်သူများအား ကော်ဖီပျိုးပင်များ အခမဲ့ပေးအပ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်း အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကော်ဖီပျိုးပင်များပျိုးထောင်ထားလျက်ရှိရာ မေလ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ ကော်ဖီလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ကော်ဖီပျိုးထောင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးမည့်ဒေသခံတောင်သူများထံ ကော်ဖီပျိုးပင်များ အခမဲ့ပေးအပ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝတိုးတက်လာစေပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နှစ်ရှည်သီးနှံရော်ဘာ၊ ကွမ်းသီး၊ သီဟိုဠ် ပင်ကြားတွင် ကော်ဖီပင်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်ဧရိယာတိုးတက်ကာ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ဧက ၂၆၇၄ ဧက တိုးချဲ့စိုက်ပျိုးရန် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ကော်ဖီပျိုးပင် ၈၀၀၀၀၀ ပျိုးထောင်စိုက်ပျိုးကာ ဒေသခံတောင်သူများသို့ အခမဲ့ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော်ဖီပျိုးပင် ၈၀၀၀၀၀ အား ပျိုးထောင်ထားရှိပြီး ထားဝယ်ခရိုင်တွင် လျာထား ၁၁၉၈ ဧက၊ တောင်သူ ၃၇၀ ဦးအတွက် ၃၅၂၀၀၀ ပင်ကိုလည်းကောင်း၊ မြိတ်ခရိုင်တွင် လျာထား ၉၁၉ ဧက၊ တောင်သူ ၃၇၃ ဦးအတွက် ၂၇၈၀၀၀ ပင်ကိုလည်းကောင်း၊ ကော့သောင်းခရိုင်တွင် လျာထား ၂၅၅ ဧက၊ တောင်သူ ၅၇ ဦးအတွက် ၈၀၀၀၀ ပင်ကိုလည်းကောင်း၊ ဘုတ်ပြင်းခရိုင်တွင် လျာထား ၃၀၂ ဧက၊ တောင်သူ ၆၉ ဦးအတွက် ၉၀၀၀၀ ပင်ကိုလည်းကောင်း သက်ဆိုင်ရာခရိုင်/မြို့နယ်အလိုက် အသီးသီး ပျိုးထောင်ထားရှိပြီးဖြစ်ရာ လာမည့်မိုးရာသီအမီ ကော်ဖီစိုက်ပျိုးမည့် ဒေသခံတောင်သူများထံသို့ အချိန်မီအခမဲ့ဖြန့်ဖြူးဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ငွေစင်ယော်(ထားဝယ်)**

# ဒိန်ချဉ်နှင့် ကျန်းမာရေး



ဒိန်ချဉ်သည် ပရိုတင်း၊ ကယ်လ်စီယမ်၊ ဗီတာမင်များနှင့်ပရိုဘိုင်အိုတစ်များစွာ ပါဝင်သော ကမ္ဘာပေါ်တွင် ရေပန်းအစားဆုံးဆေးဖက်ဝင်အာဟာရ တစ်မျိုးဖြစ်ပါသည်။ လူသားအားလုံးကျန်းမာပြီး ကမ္ဘာမြေကြီး ရေရှည်တည်တံ့မည့်အစားအသောက်ပုံစံ "planetary health diet" တွင် နို့ထွက်ပစ္စည်းအစားအစာကို တစ်နေ့ ၂၅၀ ဂရမ် (တစ်ရက်လျှင် ၀ မှ ၅၀၀ ဂရမ်အထိ) ပါဝင်ရန်ရည်မှန်းထားကာ တစ်ရက်လျှင် ဒိန်ချဉ် ၁ ခွက် (၈အောင်စခန့်) စားသုံးရန် အကြံပြုထားပါသည်။ သုတေသနပြုလေ့လာမှုများအရ ဒိန်ချဉ်သည် နှလုံးကျန်းမာရေးအတွက်အထူးကောင်းမွန်ကြောင်း၊ ဒိန်ချဉ်စားသုံးသူများသည် နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့် သေဆုံးနိုင်ခြေလျော့နည်းကြောင်း တွေ့ရှိရသည်။ ဒိန်ချဉ်ကို ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်အဖြစ် ရေရှည်စားသုံးလျှင် သွေးပေါင်ချိန်နှင့် ကိုလက်စထရောကိုထိန်းညှိနိုင်ပြီး ကိုယ်အလေးချိန်တိုးခြင်းမှတားဆီးပေးနိုင်ကြောင်း တွေ့ရှိရသည်။

**ဒိန်ချဉ်တွင်ပါဝင်သောအာဟာရများ**

**ပရိုတင်း** - ဂရိဒိန်ချဉ်တွင် ရိုးရိုးဒိန်ချဉ်ထက် ပရိုတင်းနှစ်ဆခန့် ပါဝင်ပြီး အစာစားချင်စိတ်ကို လျှော့ချပေးသည့်ဟော်မုန်းကိုတိုးမြင့်စေပါသည်။ အဆီထုတ်ထားသော ဒိန်ချဉ်အမျိုးအစားများတွင် ကယ်လိုရီနည်းပြီး အဆီနည်းသဖြင့် ကိုယ်အလေးချိန်လျှော့ချရန်အသုံးဝင်သည်။

**ဗီတာမင်နှင့် သတ္တုဓာတ်များ** - ဒိန်ချဉ်တွင်ပါဝင်သော ဗီတာမင်အေ ၊ ဗီတာမင်စီ ၊ ဗီတာမင် B12၊ ဗီတာမင် B2 နှင့် သတ္တုဓာတ်များ ( မဂ္ဂနီဆီယမ်၊ ဆယ်လီနီယမ်နှင့် ဇင့်) သည်ကျန်းမာရေးအတွက် ကိုယ်ခံအားကိုမြှင့်တင်ပေးသည့် ဂုဏ်သတ္တိများရှိသည်။ အရိုးနှင့်သွားများသန်မာရန် ကြွက်သားများနှင့် အာရုံကြောများ ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန်အတွက်ကယ်လ်စီယမ်လိုအပ်ပါသည်။ ဒိန်ချဉ် ၁ ခွက်စားသုံးခြင်းသည် နေ့စဉ်လိုအပ်သော ကယ်လ်စီယမ်လိုအပ်ချက်၏ ထက်ဝက်နီးပါးကို ဖြည့်ဆည်းပေးနိုင်ပြီး ဖော့စဖရပ် ၂၈ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၁၀ ရာခိုင်နှုန်းနှင့်ပိုတက်စီယမ် ၁၂ ရာခိုင်နှုန်းတို့ကိုလည်း ထောက်ပံ့ပေးသည်။ သတ္တုဓာတ်များသည် သွေးပေါင်ချိန်ထိန်းညှိခြင်း၊ ဇီဝဖြစ်ပျက်ခြင်းနှင့် အရိုးကျန်းမာရေးကဲ့သို့သော ဇီဝဖြစ်စဉ်များအတွက် မရှိမဖြစ်လိုအပ်ပါသည်။

**ပရိုဘိုင်အိုတစ်များ** - ကျန်းမာရေးအတွက် အထောက်အကူပြုဗက်တီးရီးယားများသည် အစာအိမ်ကျန်းမာရေးကို ကောင်းမွန်စေပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပါသည်။ ပရိုဘိုင်အိုတစ်များပါသောဒိန်ချဉ်အမျိုးအစားနှင့်ပမာဏသည် အမှတ်တံဆိပ်အလိုက် ကွဲပြားနိုင်သည်။

ဒိန်ချဉ်သည် ဦးနှောက်လုပ်ဆောင်ချက်နှင့် သွေးနီဥများထုတ်လုပ်ရန်အတွက် အရေးကြီးသော ဗီတာမင် B12 ၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။

ဒိန်ချဉ်တွင် conjugated linoleic acid (CLA) ကဲ့သို့သော ဖက်တီးအက်ဆစ်များပါဝင်သည်။ CLA သည် အဝလွန်ခြင်းကို ဆန့်ကျင်ခြင်း၊ ကင်ဆာရောဂါကို တိုက်ဖျက်ခြင်း၊ သွေးကြောများအတွင်း အဆီများစုဆောင်းခြင်းကို ဆန့်ကျင်ခြင်း၊ သွေးချိုဆီးချိုရောဂါကို တိုက်ဖျက်နိုင်ခြင်း၊ ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးနိုင်ခြင်းနှင့် အရိုးသိပ်သည်းဆကို ထိန်းသိမ်းပေးနိုင်ခြင်း ဂုဏ်သတ္တိများရှိပါသည်။

**ဒိန်ချဉ်စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများမှာ-**

၁။ အစာခြေခြင်းကို ပိုမိုကောင်းမွန်စေသည်-

ဒိန်ချဉ်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အစာအိမ်အတွင်းရှိ အန္တရာယ်ရှိသော ဗက်တီးရီးယားများကို သေစေပြီး အစာခြေစနစ်ကို ပိုမိုကောင်းမွန်စေ၍ ဝမ်းမှန်စေသည်။ ဒိန်ချဉ်သည် ဝမ်းချုပ်ခြင်း၊ အူလမ်းကြောင်းရောင်ရမ်းခြင်းနှင့် Helicobacter pylori ဗက်တီးရီးယားကြောင့်ဖြစ်ပွားသောရောဂါများတွင် စားသုံးပေးလျှင်အကျိုးကျေးဇူးရှိကြောင်း တွေ့ရသည်။

၂။ သဘာဝကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးခြင်း-

ဒိန်ချဉ်တွင်ပါဝင်သော ပရိုဘိုင်အိုတစ်များသည် ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး ရောင်ရမ်းခြင်းကိုလျှော့ချနိုင်သဖြင့် ရောဂါဖြစ်စေသော ပိုးမွှားများ၏ ကူးစက်နိုင်ခြေကိုလျှော့ချပေးနိုင်သည်။ ဗိုင်းရပ်စ်ကူးစက်မှုကြောင့်ဖြစ်သော သာမန်အအေးမိခြင်း၏ဖြစ်ပွားမှု၊ ကြာချိန်နှင့် ပြင်းထန်မှုတို့ကို လျှော့ချနိုင်သည်။ ဒိန်ချဉ်သည်အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ထိရောက်စွာ ကာကွယ်တိုက်ဖျက်ပေးပါသည်။

၃။ ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသည်-

ဒိန်ချဉ်တွင် ကင်ဆာကာကွယ်နိုင်သောဂုဏ်သတ္တိရှိပြီး အူမကြီး၊ ဆီးအိမ်နှင့်ရင်သားကင်ဆာတို့မှ ကာကွယ်နိုင်ပါသည်။

၄။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်-

အချိုမပါသောဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းသည် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးသဖြင့် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါရှိသူများအတွက် အလွန်ကောင်းမွန်ပါသည်။

၅။ အရိုးကျန်းမာရေးကို ကောင်းမွန်စေသည်-

ဒိန်ချဉ်သည် ကယ်လ်စီယမ်ကြွယ်ဝသောကြောင့် ပုံမှန်စားသုံးပေးခြင်းဖြင့် အရိုးထုထည်နှင့် ကြံ့ခိုင်မှုကိုထိန်းသိမ်းပေးသည်။ အရိုးပွခြင်းနှင့် အရိုးကျိုးခြင်းအန္တရာယ်ကိုလျှော့ချပေးသည်။ ဒိန်ချဉ်တွင် ကယ်လ်စီယမ်၊ ပရိုတင်း၊ ပိုတက်စီယမ်၊ ဖော့စဖရပ်နှင့် အရိုးသိပ်သည်းဆကိုထိန်းသိမ်းရန်လိုအပ်သော အာဟာရဓာတ်များစွာပါဝင်သည်။ ဒိန်ချဉ်ကဲ့သို့ နို့ထွက်ပစ္စည်းများကို နေ့စဉ်သုံးဆောင်ပါက အရိုးပွရောဂါကိုကာကွယ်နိုင်သည်။

၆။ ရောင်ရမ်းမှုကို လျှော့ကျစေသည်-

ဒိန်ချဉ်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုကို လျော့နည်းစေသဖြင့် ကိုယ်ခံအားစနစ် ဖောက်ပြန်မှုများယွင်းမှုဆိုင်ရာရောဂါများ၊ သွေးချိုဆီးချိုရောဂါ၊ ကင်ဆာနှင့် အရိုးအဆစ်ရောင်ရမ်းခြင်းများကိုသက်သာစေသည်။

၇။ သွေးတိုးနှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်-

ဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းသည် သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်သဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါသည်။

၈။ အစာစားချင်စိတ်နှင့် ကိုယ်အလေးချိန်ကို လျှော့ကျစေသည်-

ဒိန်ချဉ်တွင် ပရိုတင်းဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ပြည့်ဝမှုကိုခံစားရစေပြီး အစာစားချင်စိတ်ကို လျှော့နည်းစေသည်။ ကယ်လိုရီစားသုံးမှုလျှော့နည်းစေပြီး ကိုယ်အလေးချိန်ကျခြင်းကိုအားပေးသည်။ ဒိန်ချဉ်ကိုအဆာပြေစားသူများသည် အခြားသရေစာများစားခြင်းထက် ဆာလောင်မှုနည်းပါးစေသည်။ ဒိန်ချဉ်စားသုံးခြင်းသည် ခန္ဓာကိုယ်အလေးချိန်နှင့် BMIလျှော့ကျခြင်း၊ ခါးမှတင်ပါးအချိုးနှင့်ခါးလုံးပတ်လျှော့ကျခြင်းနှင့်ဆက်စပ်မှုရှိပါသည်။

၉။ စိတ်ဓာတ်ကျခြင်းကို လျှော့ချပေးသည်-

ဒိန်ချဉ်တွင်ပါသော ပရိုဘိုင်အိုတစ်များသည် အစာအိမ်အူလမ်းကြောင်းနှင့် ဗဟိုအာရုံကြောစနစ်တွင်လှုပ်ရှားမှုကို ပြောင်းလဲခြင်းဖြင့် စိုးရိမ်ပူပန်မှုများ၊ စိတ်ဖိစီးမှုများကို လျှော့ချပေးသဖြင့် စိတ်ဓာတ်ကျနေသော လူနာများအတွက် သင့်လျော်ပါသည်။

၁၀။ ခံအားနှင့်ပတ်သက်သော ကိုယ်ခံအားတုံ့ပြန်မှုကို မြှင့်တင်ပေးနိုင်သည်-

ဒိန်ချဉ်တွင်ပါသော ပရိုဘိုင်အိုတစ်များသည် စားသုံးသူ၏ကိုယ်ခံအားစနစ်ကိုပြုပြင်ပေးသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၏ ကိုယ်ခံအားတုံ့ပြန်မှုကို မြှင့်တင်ပေးနိုင်သဖြင့် ရောဂါများကို ခံနိုင်ရည်တိုးလာသည်။

**ကျန်းမာရေးအတွက် ဒိန်ချဉ်ရွေးချယ်စားသောက်နည်း**

**ရိုးရိုး၊ အချိုမပါသောဒိန်ချဉ်** - သကြားမပါသောကြောင့် ရွေးချယ်ရန်အကောင်းဆုံးဖြစ်သည်။ တခြားသော အာဟာရသိပ်သည်းသော အစေ့အဆန်များ ၊ အခွံမာသီးများ ၊ အသီးအနှံများနှင့် ရောစပ်နိုင်သည်။

**အရသာဖြည့်စွက်ထားသောဒိန်ချဉ်** - အသီးအနှံများနှင့် အရသာဖြည့်စွက်ထားသော ဒိန်ချဉ်များတွင် သကြားများစွာပါဝင်နိုင်သော်လည်း ပမာဏအလိုက်ကွဲပြားသည်။ ကယ်လိုရီ ၁၂၀ အောက်နှင့် သကြား ၁၂-၁၃ ဂရမ်ထက်မပိုသော အရသာကို ရွေးချယ်သင့်ပါသည်။

**ပြည့်ဝဒိန်ချဉ်** - ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုအတွက် အဆီပိုမိုလိုအပ်သောကလေးများတွင် ရွေးချယ်ရန်သင့်လျော်သည်။ အဆီများသောကြောင့် ကယ်လိုရီပိုမိုပါဝင်နိုင်သော်လည်း အာဟာရဓာတ်များကြွယ်ဝပြီး အရသာရှိသဖြင့် ဆာလောင်မှုကိုလျှော့စေ၍ စိတ်ကျေနပ်မှုကိုရရှိစေနိုင်သည်။ ပြည့်ဝဆီပါဝင်သောကြောင့် သက်ကြီးရွယ်အိုများနှင့်လူကြီးများအတွက် အဆီထုတ်ထားသော ဒိန်ချဉ်ကိုရွေးချယ်သင့်ပါသည်။

**ဂရိဒိန်ချဉ်** - ပုံမှန်ဒိန်ချဉ်ထက် ပရိုတင်းနှစ်ဆပိုပါရှိပြီး သကြားဓာတ်နည်းသောကြောင့် ကျန်းမာရေးနှင့်အညီညွတ်ဆုံးဖြစ်သည်။ ခရင်မ်အသွင်ဖြစ်၍ ဗိုက်ပြည့်သည့်ခံစားချက်ဖြင့် စိတ်ကျေနပ်မှုကိုရရှိစေသောကြောင့် ကိုယ်အလေးချိန်လျှော့ချရန်ရွေးချယ်စားနိုင်သည်။

**နို့အစားထိုးဒိန်ချဉ် - ပဲပိစပ်၊ ဗာဒံသီး၊ အုန်းနို့တို့မှ ပြုလုပ်ထားသောဒိန်ချဉ်များကို** နို့နှင့်ဓာတ်မတည့်သောသူများနှင့် သက်သတ်လွတ်စားသူများရွေးချယ်စားနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လူတို့၏ကျန်းမာရေးအတွက် အကျိုးကျေးဇူးများသော ဒိန်ချဉ်ကိုစားသုံးခြင်းဖြင့် နာတာရှည်ရောဂါအမျိုးမျိုးဖြစ်နိုင်ခြေကို ကာကွယ်နိုင်သည်။ ကမ္ဘာ့တစ်ဝှမ်းရှိ အစားအသောက်အကြံပြုချက်များမှာ ကယ်လ်စီယမ်အတွက်သာမက အရေးကြီးသော အာဟာရလိုအပ်ချက်များပြည့်မီစေရန်နှင့် ကိုယ်ခံအားကောင်းစေရန်အတွက် နို့ သို့မဟုတ် နို့ထွက်ပစ္စည်းများကို တစ်ရက်လျှင် ၂ - ၃ ကြိမ် စားသုံးရန် အကြံပြုထားပါသည်။ ထို့ကြောင့် ဒိန်ချဉ်နှင့် ဒိန်ချဉ်ထုတ်ကုန်များကို ရွေးချယ်စားသုံးရန် အကြံပြုရေးသားလိုက်ပါသည်။**ဒေါက်တာသီဂီကျော်**

မန္တလေး၊ သာသနာရေး

## ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် မန္တလေးမြို့ရှိ ဆရာတော် သံဃာတော်အပါး ၁၀၂၇၂ ပါးတို့အား ဆွမ်း ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူမည်

လာမည့်ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် အပါး ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ မှ ၂၅၆၈ သို့ ရောက်ရှိမှုအထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

မေလ ၂၂ ရက် (ကဆုန်လပြည့်နေ့) တွင် မန္တလေးမြို့ ကျုံးအရှေ့ဘက် (အရှေ့ပြင်) ၆၆ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး၊ ကျုံးတောင်ဘက် (တောင်ပြင်) ၂၆ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး၊ ကျုံးအနောက်ဘက် (နောက်ပြင်) လမ်း ၈၀ အတိုင်း သံဃာတော် ၂၅၆၈ ပါးနှင့် ကျုံးမြောက်ဘက် (မြောက်ပြင်) ၁၂ လမ်းအတိုင်း သံဃာတော် ၂၅၆၈ ပါး စုစုပေါင်း ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ စေတနာရှင်ပြည်သူများ၊ အလှူ့ဒါယကာ၊ ဒါယိကာမများနှင့်အတူ လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လောင်းလှူပွဲကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လောင်းလှူလိုသူများ၊ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးသက်နိုင်ထွန်း ဖုန်း-၀၉-၁၀၂၀၀-၁၀၆၉၊ ဦးစိုးမိုးသိမ်း ဖုန်း-၀၉-၉၇၀၈၂၃-၆၈၈၊ ဦးစိုးလှမြင့် ဖုန်း-၀၉- ၅၁၂၀၅၂၀ နှင့် ဦးတင်မောင်စိုး ဖုန်း-၀၉-၂၅၀၈၆-၂၁၅၈ တို့သို့ မေလ ၁၉ ရက်နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

ရန်ကုန် မေ ၁၃

# ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများရုံတင်ပြသရေး ဆွေးနွေး



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း စတူဒီယို(၁)၌ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးဆိုင်ရာကိစ္စများအား ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းနှင့်ပတ်သက်၍ တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်နည်းလမ်းများနှင့် မည်သို့ညှိနှိုင်းပေးရမည်ဆိုသည်ကို ဆွေးနွေးပေးစေလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် တီထွင်ဖန်တီးမှုပိုင်းအနေဖြင့် ပရိသတ်ကြိုက်နှစ်သက်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်လာသည်ကို တွေ့ရပါကြောင်း။

ယင်းသို့ ရိုက်ကူးထုတ်လုပ်ထားသည့် ဇာတ်ကားများကို ပရိသတ်ဆီသို့ရောက်ရှိအောင် ရုံတင်ပြသမှုအပိုင်းကလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးအရ ရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် ရောင်းချခဲ့ချိန်တွင် ရုပ်ရှင်ရုံများကို ရုပ်ရှင်လုပ်ငန်း ပြန်လည်လုပ်ကိုင်ရမည်ဟု Condition ပါရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ရောင်းချထားသည့် အချို့သောရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းကို ခေတ်အဆက်ဆက် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ရာ ရုံရက်ချိတ်စနစ်၊ ဝင်ငွေအချိုးအစား ခွဲဝေမှုစနစ်တို့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ထုတ်လုပ်သူ၊ ရုံပိုင်ရှင်နှင့် ရုံရက်ချိတ်သူတို့ပါဝင်သော "ရုံရက်ချိတ်ပြသရေးကော်မတီ"ဖွဲ့စည်း၍ ဆင်ဆာခွင့်ပြုချက်အမှတ်စဉ်အလိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ပါဝင်ဆောင်ရွက်မှုမရှိခဲ့ပါကြောင်း။

ယခုအခါရုံတင်ပြသရန် ရုပ်ရှင်ဇာတ်ကားများ တန်းစီနေသည့်အတွက်ကြောင့် ပိုမိုကောင်းမွန်သော ပြသရေးစနစ်ဖြစ်ပေါ်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလမတိုင်မီ ရုပ်ရှင်ရုံ ၁၈၂ ရုံ၊ ပိတ်ကား ၂၀၇ ခု ရှိခဲ့ပါကြောင်း၊ ကိုဗစ်ကာလပြီးနောက် ရုပ်ရှင်ရုံ ၃၆ ရုံဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့အချိန်တွင် ရုပ်ရှင်ရုံ ၉၀ အထိ တိုးမြှင့်ရုံတင်ပြသနိုင်ခဲ့ကာ မြန်မာဇာတ်ကား ၆၈ ရုံအထိ ပြသနိုင်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအနေဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ရုပ်ရှင်ရုံများစတင်ဖွင့်လှစ်ခဲ့စဉ်က ရုံတင်ပြသမည့် ဇာတ်ကားနည်းခဲ့သည့်အတွက် ဇာတ်ကားများရုံတင်ပြသနိုင်ရေး တွန်းတွန်းတိုက်တိုက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယင်းအချိန်တွင် ရုံတင်ပြသမည့်ဇာတ်ကားရှားပါးသဖြင့် ရုံတင်ပြသမည့် ကြော်ငြာစရိတ်ကိုပင် ပြန်လည်ရရှိရန် ခက်ခဲခဲ့ပြီး ရုပ်ရှင်ရုံလုပ်ငန်းရှင်များရော၊ ထုတ်လုပ်သူများပါ ထိခိုက်နစ်နာမှုများရှိခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ပုံမှန်အခြေအနေဖြစ်လာခဲ့ပြီး ရုံစတင်ဖွင့်လှစ်ပြသချိန်က အနစ်နာခံပြသပေးခဲ့သည့် ထုတ်လုပ်သူများကို ရုပ်ရှင်ရုံပိုင်ရှင်များက ဦးစားပေးပြသပေးခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ရုံတင်ပြသရာတွင် ရုပ်ရှင်ရုံပိုင်ရှင်များအနေဖြင့်ရော ထုတ်လုပ်သူများအနေဖြင့်ရော နှစ်ဖက်အကျိုးစီးပွားကို ငဲ့ညှာပြီး စဉ်းစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထုတ်လုပ်သူများက ဇာတ်ကားများကို ရင်းနှီးမြှုပ်နှံပြီး ရိုက်ကူးထားသည့် ငွေကြေးများ ပြန်လည်ရရှိနိုင်ရေး ရုံတင်ပြသခြင်းနည်းလမ်းကို မဖြစ်မနေဆောင်ရွက်ရမှာဖြစ်ပါကြောင်း။

ရုံပိုင်ရှင်များအနေဖြင့် ဇာတ်ကားများ ရုံတင်ပြသနိုင်ရေးကိစ္စများအတွက် ထုတ်လုပ်သူများကို အကျပ်ကိုင်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်းများ မဆောင်ရွက်စေလိုဘဲ မျှမျှတတဖြစ်စေလိုပါကြောင်း၊ ထို့အတူ ထုတ်လုပ်သူများဘက်ကလည်း အမှန်တကယ် ပရိသတ်ကြိုက်ဖြစ်စေမည့် ဇာတ်ကားများကိုရိုက်ကူးပြီး ဝင်ငွေကောင်းမည့် ဇာတ်ကား၊ ရုံပိုင်ရှင်များက ရွေးချယ်နိုင်မည့်ဈေးကွက်ဝင်မည့် ဇာတ်လမ်းကောင်းများကိုရိုက်ကူးကြရမှာဖြစ်သလို မိမိနိုင်ငံ၏ စံနှုန်းတွေဖြစ်သည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်း၊ မြန်မာ့အမွေအနှစ်များပါရှိသည့် မိမိနိုင်ငံအပေါ် ကမ္ဘာကအသိအမှတ်ပြုမည့် ဇာတ်ကားများကိုလည်း ရိုက်ကူးကြစေလိုပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာမှာဖြစ်ပေါ်နေသည့် အခက်အခဲများကို မည်သို့ကျော်ဖြတ်ကြမည်ကို စုပေါင်းစဉ်းစားဆောင်ရွက်ကြရန် လိုပါကြောင်း၊ ရုံတင်ပြသရေးပိုင်းအပြင် ရုပ်ရှင်ကားများကို ခိုးကူး၍ အွန်လိုင်းပေါ်တွင် ရောက်ရှိနေမှုများရှိနေသည်ဟု သိရပါသဖြင့် တားဆီးရန် နည်းလမ်းရှာဖွေသင့်ပါကြောင်း၊ ရုံပိုင်ရှင်များအနေဖြင့်လည်း မိမိရုံများတွင် ပြသသည့်ကားများကို ယခုလို ခိုးကူးမခံရအောင် စစ်ဆေးမှုများ၊ တားဆီးမှုများ၊ စောင့်ကြည့်မှုများ အထူးလိုအပ်ပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးများအနေဖြင့်လည်း တစ်လတွင် ရုံတင်နိုင်သည့် အရေအတွက်နှင့် တစ်နှစ်တွင် ရုံတင်ပြသနိုင်သည့် အရေအတွက်ကိုချင့်ချိန်၍ ရိုက်ကူးသင့်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများကို ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ ကုစားနိုင်ရန် ချေးငွေများထုတ်ချေးပေးခဲ့သလို ချေးငွေပြန်ဆပ်ရမည့်ကာလအား တိုးမြှင့်ပေးခဲ့ခြင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံများအတွက် ရုံငှားရမ်းခကင်းလွတ်ခွင့်ပေးခြင်း၊ ရာခိုင်နှုန်းတစ်ခုသာ ပေးသွင်းစေခြင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရုံပိုင်ရှင်တွေအနေဖြင့် ဇာတ်ကားများ ရွေးချယ်ရာတွင် ပရိသတ်အကြိုက် ဇာတ်ကားများရွေးချယ်မှုများပြီး အနုပညာ ဖန်တီးမှု၊ မိမိနိုင်ငံယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာမြောက်ဖန်တီးမှု ဇာတ်ကားများကို ပရိသတ်ကြိုက်မှုအားနည်းသည်ဟုယူဆပြီး ရုံတင်ရန် ရွေးချယ်မှုမရှိသည်ကိုလည်း ဝေဖန်သံများကြားနေရသည့်အတွက် အဖြေရှာကြရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် စီးပွားရေးတစ်ခုတည်းမတွက်စေဘဲ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ ရုပ်ရှင်လောကအတွက် မျှမျှတတစဉ်းစားပြီး အားလုံးအကျိုးရှိမည့် ရုံတင်ပြသရေးစနစ်ဖြစ်စေချင်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုး၊ ဓလေ့ထုံးတမ်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးများကို အထောက်အကူပြုသည့်ကားများကို ရိုက်ကူးပြသရန် လိုလားလျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ပိုမိုရုံတင်ပြသနိုင်ခဲ့သည့်အတွက် ထုတ်လုပ်သူများ၊ ဒါရိုက်တာများအနေဖြင့် ကြိုးစားရိုက်ကူးကြသဖြင့် ဇာတ်ကားအရည်အသွေးများ ကောင်းမွန်လာခြင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရန် ရွေးချယ်ရာတွင်လည်း မျိုးဆက်သစ်လူငယ်များပါ ပါဝင်လာခြင်းများက ရုပ်ရှင်လောကတိုးတက်မှုကို ပြသနေခြင်းဖြစ်သည်ဟု ဆိုချင်ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားဖန်တီးထုတ်လုပ်သူများ၏အနုပညာဖန်တီးမှုများကို ရုပ်ရှင်ကြည့်ပရိသတ်များ လတ်ဆတ်စွာ ကြည့်ရှုနိုင်ရန် ရုံတင်ပြသမှုကိုမည်သို့စီစဉ်ကြမည်၊ ယခင်က ရိုက်ကူးထားသည့်ကားများကို မည်သို့ရုံတင်ပြသကြမည်ကို အကြံဉာဏ်များပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၈၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၈၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၈၀ | ၂၈၇၀ | ၂၈၈၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၈၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် မေ ၁၃

# ကျမ်းစာအုပ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ သွားရောက်စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပိဋကတ်သုံးပုံအဋ္ဌကထာ (၅၁)အုပ်အား မူလခဲစာလုံးစာစီ ဆဋ္ဌမူမှ ခေတ်မီကွန်ပျူတာစာစီမူ ပြည်ထောင်စုဖောင့်ဖြင့် ပြောင်းလဲပြင်ဆင်စိစစ်ရာတွင် ပထမဦးစွာ စိစစ်တည်းဖြတ်ပြီးဖြစ်သော ပါရာဇိကကဏ္ဍ အဋ္ဌကထာ (ပထမတွဲ)ကို စတင်၍ ပုံနှိပ်စက်တင်ရိုက်နှိပ်နေမှု၊ ပါဠိပထမပြန်စာမေးပွဲများဖြေဆိုအောင်မြင်ကြသည့် သံဃာတော်များအား နှစ်စဉ်ဆက်ကပ်ချီးမြှင့်လျှဒါန်းသည့်စာအောင်ဆုကျမ်း(၈)မျိုး၊ ဘွဲ့တံဆိပ်တော်များ၊ ဝိနည်းမိုရ်ကျမ်းစာအုပ်များ၊ ပိဋကတ်သုံးပုံမြန်မာပြန် (၃၂)အုပ်တွဲနှင့် ဗုဒ္ဓဝင် (၆-တွဲ၊ ၈-အုပ်) ရိုက်နှိပ်ချုပ်လုပ်နေမှုနှင့် ပဋ္ဌာန်းပါဠိတော် (၅)ကျမ်းတွဲ ရိုက်နှိပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်လျက်ရှိသော ကျမ်းစာအုပ်အမျိုးမျိုးနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆဋ္ဌသင်္ဂါယနာမူအတိုင်း လိုက်နာဆောင်ရွက်ရေး၊ စာဖြေသံဃာတော်များ လိုအပ်သောကျမ်းစာအုပ်များ အဆက်မပြတ်ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ရေး၊ ကျမ်းစာအုပ်များနှင့် စာအုပ်အမျိုးမျိုးဆောင်ရွက်ရာတွင် အရည်အသွေးချုပ်လုပ်မှု သပ်ရပ်ကောင်းမွန်ခိုင်ခံ့စေရေး၊ လိုအပ်သောစာအုပ်များကို အရည်အသွေးကောင်းမွန်စွာ အရေအတွက်များများနှင့် မှန်မှန်ကန်ကန်ထုတ်ဝေနိုင်ရေး၊ မိမိဌာနရှိပြီးဖြစ်သော ပုံနှိပ်စက်နှင့် စက်ပစ္စည်းများအားလုံး အဆက်မပြတ်အသင့်အနေအထားဖြင့်ရိုက်နှိပ်ဖြတ်တောက်ချုပ်လုပ်နိုင်ရေး အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် သာသနာတော်ဆိုင်ရာ အခမ်းအနားများ၊ သံဃာတော်များ၏ စာမေးပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ကာလများအလျောက် အချိန်မီဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁၃

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၅-၅-၂၀၂၄ ရက် ည ၈ နာရီမှ ၁၂-၅-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၈၁၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ရန်ကုန် မေ ၁၃

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းက YREO အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိ




မြန်မာအမျိုးသမီးလိဂ် ၂၀၂၄ ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်း၌ မြဝတီအသင်းနှင့် YREO အသင်းတို့ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြဝတီအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆ မိနစ်တွင် ဖြူဖြူထွေးကလည်းကောင်း၊ ပွဲချိန် မိနစ် ၂၀ နှင့် ၃၆ မိနစ်တွင် ရူပါခိုင်ကလည်းကောင်း မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် မြဝတီအသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြဝတီအသင်းက ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ရူပါခိုင်ကလည်းကောင်း၊ ပွဲချိန် ၅၈ မိနစ်တွင် ဖြူဖြူထွေးကလည်းကောင်း မြဝတီအသင်းအတွက် သွင်းဂိုးများဆက်လက်သွင်းယူနိုင်ခဲ့ပြီး YREOအသင်းက တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအသင်းက ရူပါခိုင်နှင့် ဖြူဖြူထွေးတို့၏သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် မေလ ၁၄ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် ဧရာဝတီအသင်း၊ မေလ ၁၅ ရက် ညနေ ၄ နာရီတွင် စလင်းအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် မေ ၁၃

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၁၄ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား)ကွာတားဖိုင်နယ်ပြိုင်ပွဲပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့်မွန်ပြည်နယ်အသင်း၊ (အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**




ကျွန်းလှ မေ ၁၃

# ကျွန်းလှမြို့နယ် တပ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်မှုရာနှုန်းပြည့်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တပ်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကုန်ထုတ်လမ်း အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေနှင့် အုတ်ရိုးစီတံတားတစ်စင်း၊ Box Culvert တံတားတစ်စင်းတို့ကို ခွင့်ပြုငွေကျပ် ၉၃ ဒသမ ၇၁၂ သန်းဖြင့် တင်ဒါအောင် တော်ဝင်ဇူလီယန်ကုမ္ပဏီကဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ဒေသခံတောင်သူ ၁၅၀ ဦး၏ လယ်ယာမြေဧက ၇၅၀ မှ ထွက်ရှိသောသီးနှံများအလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈° C | / | ၄၀.၀° C |
| ရန်ကုန် | ၂၅° C | / | ၃၉.၀° C |
| မန္တလေး | ၂၉° C | / | ၄၂.၀° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မေ ၁၃

## နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

နေပြည်တော် မေ ၁၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးချင်းစီ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှအဆက်

အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ နယ်မြေဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံစဉ်။

နေပြည်တော် မေ ၁၃

# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။





ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများက ကြည့်ရှုအားပေးစဉ်။

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ)၊ လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ စခန်းပေါင်းစုံ ရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ကြသည်။ ထိုသို့စခန်းပေါင်းစုံပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို တပ်မတော်(ရေ)မှအရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းအလိုက် ရေတပ်အချက်ပြဆက်သွယ်ရေး ဘာသာရပ် (ရေးဖြေ/နှုတ်ဖြေ)ပြိုင်ပွဲ၊ လက်ရိုက်အလံအချက်ပြပို့/ဖမ်းခြင်း လက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀)ပြိုင်ပွဲနှင့် Optimist ရွက်လှေ ပြိုင်ပွဲတို့အား နေပြည်တော်စခန်း၊ ကျိုင်းတုံစခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ မော်လမြိုင်စခန်း၊ ဟင်္သာတစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ မန္တလေးစခန်းနှင့် ကိုကိုးကျွန်းစခန်း စသည့်ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခု တို့မှ သင်တန်းသား၊ သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ အခြေခံလေကြောင်းလူငယ်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် အခြေခံစစ်ရေးပြ(လက်နက်မဲ့)ပြိုင်ပွဲကိုလည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်း ၂ ခုမှ သင်တန်းသားများသည် အခြေခံစစ်ရေးပြ(လက်နက်ပါ) ပြိုင်ပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် နေ့လယ်ပိုင်းတွင် အခြေခံလေကြောင်းလူငယ်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲကိုလည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်း ၂ ခုမှ သင်တန်းသားများသည် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲကိုလည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူနည်းပြ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပညာပန်းများပွင့်လန်းဖို့ ကျောင်းအပ်ကြပါစို့

ညွန့်ဝင်း(နတ်တလင်း)

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက သင်ကြားရေးဝန်ထမ်းများ၊ ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများနှင့်ပညာရေးဝန်ထမ်းများကို သင်ကြားမှု၊ အုပ်ချုပ်မှုစွမ်းရည်မြှင့်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီဖြစ်သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ KG မှ Grade 12 အထိ တန်းစေ့စနစ်သစ်သင်ရိုးပြည့်ဖြင့် စတင်သင်ကြားနိုင်ခဲ့ပြီး ယခုပညာသင်နှစ်တွင် KG+12 ကို တန်းစေ့ စနစ်သစ်ပညာရေးသင်ရိုးဖြင့် ဒုတိယပညာသင်နှစ်အဖြစ် ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။ အဆင့်ဆင့်သော အခြေခံပညာကျောင်းများတွင်လည်း လိုအပ်သောအဆောက်အအုံများကို ဘတ်ဂျက်နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နှစ်စဉ်လိုအပ်မည့် ကျောင်းသုံးစာရေးခုံထိုင်ခုံနှင့်ပရိဘောဂများ၊ စာအုပ်စာတမ်းများ၊ မူလတန်းဆင့်ယူနီဖောင်းဝတ်စုံများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းဖွံ့ဖြိုးမှုရန်ပုံငွေ (School Improvement Funds)များ၊ ကျောင်းကျန်းမာရေးအထောက်အပံ့အစီအစဉ်များနှင့်အတူ ဆောင်ရွက်ထားပြီဖြစ်သည်။

စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးစနစ်ဖြင့် ဆွေးနွေးသင်ကြားစစ်ဆေးသွားမည်ဖြစ်သည်။ အနာဂတ်လူငယ်များ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများ (21[st] Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills ) လိုအပ်သည်။ သင်ယူမှုအတွက် လိုအပ်သောကျွမ်းကျင်မှုများကို C-5 လုံး (5 C's) ဟု သတ်မှတ်ထားသည်။ ယင်း C-5 လုံးမှာ 1. ပူးပေါင်းဆောင်ရွက်ခြင်း၊ အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း (Collaboration/ Group Work)၊ 2. ဆက်သွယ်ပြောဆိုခြင်း(Communication)၊ 3. လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ 4. တီထွင်ဖန်တီးခြင်း (Creativity and Inovation)၊ 5.နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း(Citizenship) တို့ဖြစ်သည်။ ထို C-5 လုံး ကျွမ်းကျင်မှုများရရှိအောင် သင်ကြားပေးခြင်းဖြင့် ကျောင်းသားလူငယ်များကို အုပ်စုဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်တတ်ပြီး အတွေးအခေါ်များမျှဝေခြင်းနှင့် အဖြေရအောင် အတူရှာဖွေတတ်သည့်ကျွမ်းကျင်မှုများ၊ အချင်းချင်းနှုတ်အားဖြင့် ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်း စသည့်ကျွမ်းကျင်မှုများ၊ ပြဿနာများ၏အဖြေများကို ရှာဖွေနိုင်ခြင်းနှင့် အမှားပြင်ဆင်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းတတ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍တွေးခေါ်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းမည့်စိတ်ဓာတ်ရှိခြင်းကျွမ်းကျင်မှုများ ရရှိမည်ဖြစ်သည်။

အခြေခံပညာကျောင်းများ အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်မှုများ အဆင်သင့်ပြုလုပ်ထားပြီဖြစ်သည်။ ထိုသို့စီမံဆောင်ရွက်မှုများတွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေးစီမံချက်လည်းတစ်ခု အပါအဝင်ဖြစ်သည်။ မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိသည်။ ဇွန်လ ၃ ရက်တွင် နယ်မြေအေးချမ်းသာယာသည့်ဒေသရှိ အခြေခံပညာကျောင်းအားလုံးဖွင့်လှစ်သင်ကြားနိုင်ရန် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်နေသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတက်မှုသည် နိုင်ငံသားတို့၏ ပညာရည်ဖွံ့ဖြိုးမှုတိုးတက်မှုအပေါ်တွင် များစွာမူတည်သည်။ ပညာမြင့်မှလူမျိုးတင့်မည်မှာအမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ပညာမြင့်ရန် ပညာရေး၏နိဒါန်းအစဖြစ်သော အခြေခံပညာရေးမှစ၍ စနစ်တကျမြှင့်တင်ဆောင်ရွက်နေသည်။ ကျွန်ုပ်တို့နိုင်ငံ၏မျိုးဆက်တစ်ခုလုံး ပညာရည်မြင့်မားမှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံလူ့ဘောင်ကို ဖော်ဆောင်နိုင်ပေမည်။ တစ်မျိုးသားလုံး ပညာရည်မြင့်မားအောင်ဆောင်ရွက်ရာ၌ အခြေခံပညာရေးသည် ပဓာနကျသည်။ အခြေခံပညာရေးသည် ပညာရေးအဆောက်အအုံကြီး၏အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံပညာရေးအုတ်မြစ်ခိုင်မာတောင့်တင်းမှသာ တစ်သက်တာပညာရေးအဆောက်အအုံကြီးတိုးတက်ကောင်းမွန်နိုင်ပေသည်။ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ အခြေခံပညာရေးပြည့်ဝကောင်းမွန်အောင် နိုင်ငံတော်အစိုးရ၊ ဆရာ၊ ဆရာမ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက အခြေခံပညာရေးကို တိုးတက်အောင်မြင်အောင် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေမည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ဆိုသကဲ့သို့ အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုလျှင်အခြေခံပညာကဏ္ဍ ပညာရေးရည်မှန်းချက်များ အောင်မြင်တိုးတက်လာမည်ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ မြန်မာအဘိဓာန်၌ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဟူ၍ ပညာကိုဖွင့်ဆိုထားသည်။ စာသည် ပညာမဟုတ်သော်လည်း စာတတ်မှသာ ပညာရပ်များကို လေ့လာသင်ယူနိုင်သည်။ အသိပညာ၊ အတတ်ပညာများကို လိုသလိုလေ့လာနိုင်သည်။ ထိုသို့လေ့လာသင်ယူနိုင်မှ အသိပညာ၊ အတတ်ပညာများ မြင့်မားတိုးတက်လာမည်။ အသိပညာမြင့်မားသည်နှင့် အကောင်းအဆိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည်။ မှန်ကန်သောအတွေးအခေါ်နှင့်မှန်ကန်သောလုပ်ရပ်ကို လုပ်ကိုင်နိုင်သည်။ ထို့ကြောင့် အခြေခံပညာရေးတွင် သင်ကြားလေ့ကျင့်ပေးမည့်ဘာသာရပ်များ(စာပေများ)သည် ကျောင်းသား၊ ကျောင်းသူတိုင်းမဖြစ်မနေ သင်ယူရမည့်ဘဝလိုအပ်ချက်များဖြစ်သည်။ ပညာတတ်သူ၏ အတွေးအခေါ်၊ လုပ်ရပ်များသည် ပညာမတတ်သူ၏အတွေးအခေါ်၊ လုပ်ရပ်များနှင့်မတူနိုင်ပေ။ ပညာတတ်သူသည် အကြောင်းကိစ္စတစ်ခုကို တွေ့ကြုံရင်ဆိုင်ရသည့်အခါ အခြေအမြစ်ကျကျလေ့လာ၍ စဉ်းစားတွေးခေါ်သည်။ ဌင်းမှရရှိသည့် အချက်အလက်အတွေးအခေါ်များ အပေါ် မူတည်၍ အမှန်အမှားခွဲခြမ်းစိတ်ဖြာသည်။ အမှန်အမှားခွဲခြားပြီးနောက် အမှားကိုပယ်ပြီး အမှန်လမ်းစဉ်အတိုင်း လျှောက်လှမ်း၍ မှန်သောအလုပ်များကို လုပ်ကိုင်သည်။ ထို့ကြောင့် ထိုသူ၏ဘဝသည် တိုးတက်မြင့်မားလာသည်။ ပညာမတတ်သူသည် အကြောင်းကိစ္စမှန်သမျှကို ဂဃနဏ မစဉ်းစားမတွေးခေါ်နိုင်။ ထိုသို့မတွေးခေါ်နိုင်သဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းမရှိချေ။ ထို့ကြောင့် အရာရာကို စဉ်းစားတွေးတောဆင်ခြင်မှုမလုပ်တော့ဘဲ ဆင်ကန်းတောတိုးပြုမူလုပ်ကိုင်သည်။ ဟုတ်လေနိုးနိုး မှန်လေနိုးဖြင့် မှန်းဆရမ်းရော်လုပ်ကိုင်၍ အလွဲလွဲအမှားမှားတို့ဖြစ်ကာအောင်မြင်တိုးတက်သောဘဝကိုမရချေ။

မိဘတို့သည် သားသမီးတို့ကိုမွေးဖွားပေးရုံ၊ ကျွေးမွေးစောင့်ရှောက်ပေးရုံနှင့်တာဝန်မကျေပါ။ မိမိ၏သားသမီးကို လိမ္မာယဉ်ကျေးအောင်၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံအောင် လမ်းညွှန်သင်ကြားပေးနိုင်ရမည်။ တစ်နည်းအားဖြင့် အသိပညာ၊ အတတ်ပညာအရည်အသွေးမြင့်မားပြီး အောင်မြင်သောဘဝကို တည်ဆောက်နိုင်သူဖြစ်အောင် သင်ယူလေ့ကျင့်စေရမည်။ ထိုသို့ သင်ယူလေ့ကျင့်နိုင်ရန် အခြေခံကျသောပညာရေးသည် အလွန်အရေးပါသည်။ ပညာမတတ်လျှင် အတွေးအခေါ်၊ အလုပ်အကိုင် စနစ်ကျမှန်ကန်မှုမရှိနိုင်။ ထို့ကြောင့် ပညာရယူနိုင်မှု၏ နည်းလမ်းအခြေခံဟုဆိုနိုင်သော အခြေခံပညာရေးကို သင်ယူတတ်မြောက်နိုင်အောင် မိမိ၏သားသမီးကို အချိန်မီကျောင်းပို့နိုင်ရေးသည် မိဘတိုင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်။ **အခြေခံပညာကျောင်းများသို့ အပ်နှံသင်ကြားနိုင်ရေးအတွက် မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အစိုးရက များစွာကူညီထောက်ပံ့ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၏ ပညာရေးအဆောက်အအုံလိုအပ်ချက်များ၊ စာအုပ်စာတမ်းနှင့်စာရေးကိရိယာများ၊ ကျောင်းအလိုက်ပညာရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကို ပထမအကြိမ်၊ ဒုတိယအကြိမ်ဟူ၍ ပညာသင်နှစ်တစ်နှစ်လျှင်နှစ်ကြိမ် ခွဲခြားသတ်မှတ်ပေးအပ်ထောက်ပံ့လျက်ရှိရာ ဆင်းရဲချမ်းသာလူတန်းစားမရွေး အခြေခံပညာကို သင်ယူနိုင်ပေသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနိုင်ရန် စီမံထားခြင်းဖြစ်၍ ကျောင်းသား၊ ကျောင်းသူတိုင်း မပူမပင် မကြောင့်မကြ တက်ရောက်သင်ယူနိုင်သည်။**

နိုင်ငံတော်က မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ယခုနှစ်ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပေးထားသည်။ ထို့ကြောင့် အုပ်ထိန်းသူမိဘတို့၏ တာဝန်မှာ မိမိတို့၏သားသမီးများအနာဂတ်အရေးကို တွေးခေါ်မြော်မြင်လျက် မှန်ကန်သောအသိအမြင်များနှင့်အချိန်မီ ကျောင်းအပ်နှံ၍ ပညာသင်ကြားစေရန်သာ ရှိပေသည်။

မြန်မာနိုင်ငံ နယ်ချဲ့တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့စဉ်က မြန်မာ့ပညာရေးကို ဖိနှိပ်ခံခဲ့ရသည်။ ပညာသင်လိုသူတိုင်း ပညာသင်ခွင့်မရှိပေ။ နယ်ချဲ့တို့ကလည်း မြန်မာတို့ ပညာတတ်မည်ကိုမလိုလားပေ။ ပညာတတ်၍ အသိဉာဏ်ပွင့်လင်းလာပါက မိမိတို့ကို ပြန်လည်ခုခံခြင်း၊ ဖိနှိပ်အုပ်ချုပ်မရခြင်းတို့ဖြစ်မည်ကို နယ်ချဲ့တို့သိသောကြောင့်ဖြစ်သည်။ သို့သော်လည်း မျိုးချစ်မြန်မာတို့က အမျိုးသားကျောင်းများ တည်ထောင်၍ပညာသင်ခဲ့ကြသည်။ ပညာတတ်မှသူ့လက်အောက်မကျမည်ကို မြန်မာတို့ကောင်းကောင်းသိခဲ့ကြသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားတိုင်း ပညာသင်ကြားနိုင်ရေး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းတွင်တွေ့နိုင်သည်။ ယနေ့အချိန်တွင်လည်း ပြည်တွင်းပြည်ပအဖျက်သမားများက ကျောင်းများမဖွင့်နိုင်အောင်၊ ကလေးသူငယ်များ ထိတ်လန့်ကြောက်ရွံ့အောင် မမှန်မကန် ကောလာဟလသတင်းများဖြန့်၍ ကျောင်းမတက်စေရန်၊ ကလေးအများစုကျောင်းမရောက်စေရန် ဖန်တီးလှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ကလည်း ပညာသင်ကြားရေးကို ခြိမ်းခြောက်လျက်ရှိသော အဖျက်ရန်မှန်သမျှကို တပ်မတော်နှင့် ပြည်သူလက်တွဲလျက် ချေမှုန်းဖယ်ရှားလျက်ရှိသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသော ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှုရရှိကာ ပညာရေးနှင့် အခြားလူမှုစီးပွားရေးပုံမှန်လည်ပတ်နိုင်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ မိဘပြည်သူများသည် အဖျက်သမားများ၏ ဖျက်လိုဖျက်ဆီးဉာဏ်ဖြင့် ကောလာဟလထုတ်လွှင့်ခြင်း၊ ပညာသင်ကြားရေးနှောင့်နှေးအောင် ပြုမူကြံစည်ခြင်းတို့ကို စည်းလုံးညီညွတ်သော အသိ၊ တွေးခေါ်မြော်မြင်တတ်သော အသိတို့ဖြင့် ထိုးဖောက်ကာ မပျက်မကွက်ပညာသင်ကြားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။

မကြာမီကာလတွင် ဝသန်ကာလ မိုးဦးကျအချိန်သို့ရောက်ရှိလာတော့မည်ဖြစ်သည်။ မုတ်သုံမိုးများလည်း အေးချမ်းအောင် ဆွတ်ဖျန်းရွာသွန်းတော့မည်ဖြစ်သည်။ မိုးရေဆွတ်ဖျန်းမှုကြောင့် သစ်ပင်ပန်းမာလာတို့သည် ရွက်နုရွက်သစ်များ အစီအရီထွက်လာကြတော့မည်ဖြစ်သည်။ မကြာမီ အရောင်အသွေးစုံသော၊ ရနံ့သင်းသော ပန်းကလေးများအဖြစ် ဖူးပွင့်လာကြတော့မည်ဖြစ်သည်။ ထို့အတူ အနာဂတ်၏လောကအလှကို ဆင်ယင်ပေးမည့်ပန်းကလေးများဖြစ်သည့် ကျွန်ုပ်တို့၏ရင်သွေးငယ်တို့သည်လည်း ဩဇာနို့ရည်ဖြစ်သော ပညာရည်နို့များ သောက်စို့ခွင့်ရကာ အလှဆုံးပန်းကလေးများအဖြစ် ရှင်သန်ဖူးပွင့်လာကြပေတော့မည်ဖြစ်ရာ အဖျက်အမှောင့်ပိုးမွှားများကင်းရှင်းစွာရှင်သန်ဖူးပွင့်လာနိုင်စေရန် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် မိဘဆရာ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားဖြည့်ကူညီ၍ လှုပ်ရှားဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

**ကိုးကား**

၁။ ပညာရေးဌာန ညွှန်ကြားချက်များ။
၂။ ကျောင်းအပ်နှံရေး စီမံချက်များ။

ရန်ကုန် မေ ၁၃

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁)၊ စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၅) သင်တန်းဖွင့်ပွဲများကျင်းပ






နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိင်္ယခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးရဲနိုင်က ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတွင် လက်တွေ့တာဝန်ယူဆောင်ရွက်ကြရသည့် အရာထမ်းများ၏ အရည်အသွေးမြင့်မားပြီး ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန်၊ ခံယူချက်၊ ယုံကြည်ချက်ပိုမိုခိုင်မာလာစေရန်၊ နိုင်ငံတော်အတွက် အားကိုးယုံကြည်ရပြီး အနာဂတ်တွင် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ထားပြီး လေ့ကျင့်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲလာသော စီမံခန့်ခွဲရေးဆိုင်ရာ အယူအဆနှင့်အတွေ့အကြုံများကို လေ့လာသိရှိစေပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို ထိရောက်ထက်မြက်စွာဆောင်ရွက်တတ်စေရန်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို သိရှိနားလည်စေရန်နှင့် ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာဆည်းပူးနိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁)ကို မေလ ၁၃ ရက်မှ စက်တင်ဘာလ ၂၇ ရက်အထိ သင်တန်းသား ၄၁ ဦး၊ သင်တန်းသူ ၄၂ ဦး စုစုပေါင်း ၈၃ ဦးဖြင့် ရက်သတ္တ ၂၀ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အုန်းတောခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့်ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၅)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၅၂ ဦး စုစုပေါင်း ၆၇ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၁၃ ရက်မှ ဇူလိုင်လ ၁၉ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁၃

# မန္တလေးမြို့တွင် ဆရာအတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်းနှင့်အတူ မန္တလေးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး စာသင်ခန်းများတွင် ဘီအီးဒီစာပေးစာယူသင်တန်း(၃/၂၀၂၃) ဒုတိယနှစ် သင်ကြား၊ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုသင်တန်းသည် နောက်ဆုံးအသုတ်ဖြစ်သည့်အားလျော်စွာ သင်တန်းပြီးဆုံးပြီးနောက် ဘီအီးဒီဘွဲ့ရရှိပြီးပါက အထက်တန်းပြဆရာတာဝန်များကို တာဝန်ကျရာဒေသများတွင် ထမ်းဆောင်ကြစေလိုကြောင်းမှာကြားသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်တွင်ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်သင်တန်းသားများ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်သင်တန်း(အထက်တန်းအဆင့်)နှင့် (နိုင်ငံတကာသင်ရိုး) တက်ရောက်လျက်ရှိသော သင်တန်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားရာတွင် ယခုသင်တန်းပြီးမြောက်ပြီးပါက ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်ချီးမြှင့်မည်ဖြစ်ပြီး ဆက်လက်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့သင်ကြားရသည့် ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို မိခင်ဘာသာစကား၊ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာ၊ မြန်မာစကားတတ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့ပထဝီဝင်၊ မြန်မာ့သမိုင်းကိုလည်း အလေးအနက်ထားသင်ကြားကာ မြန်မာလူငယ်ကျောင်းသားများ နိုင်ငံချစ်စိတ်ကိန်းအောင်းလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုသင်တန်းမှ သင်ကြားလိုက်သော သင်ပြနည်းစနစ်များကို အလေးအနက်ထား မှတ်သားနာယူစေလိုကြောင်း၊ နည်းပညာအသုံးချ(Technology Integration) သင်ကြားသင်ယူမှုစနစ်များကိုလည်း မျက်ခြည်မပြတ် လေ့လာနေမှသာ မိမိ၏ ကိုယ်ပိုင်အရည်အသွေးနှင့် သင်ကြားမှုအရည်အသွေးမြင့်တက်လာမည်ဖြစ်ကြောင်း မှာကြားပြီး တက္ကသိုလ်ဥပမိရုပ်နှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ဘီအီးဒီစာပေးစာယူသင်တန်း (၃/၂၀၂၃) ဒုတိယနှစ် သင်တန်းသား ၇၈၉ ဦး၊ ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်သင်တန်း(မူလတန်းအဆင့်) ၃၂၉ ဦးနှင့် အလယ်တန်းအဆင့် ၂၂၀ စုစုပေါင်း ၅၄၉ ဦး တက်ရောက်လျက်ရှိပြီး မန္တလေးတက္ကသိုလ်တွင် အထက်တန်းအဆင့် ၅၄၅ ဦးနှင့် နိုင်ငံတကာသင်ရိုးသင် သင်တန်းသား ၅၀၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁၃

# နိကာယ်စာမေးပွဲကျင်းပမည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၄ ခုနှစ် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁ ရက်မှ ၅ ရက်အထိ (၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“အစိုးရကတည် အကြမ်းဖက်သမားကဖျက်နဲ့ တိုးတက်ဖို့ဝေးနေတဲ့ မြန်မာပြည်မှ လမ်း၊ တံတားများ”** ခေါင်းစဉ်ဖြင့် ၁၅-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့်ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော် မေ ၁၃

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/လေ)**

# အစဉ်လေးစားဂုဏ်ယူနေမည့် ပြည်သူချစ်သည့် ပြည်သူ့သားကောင်းများ

ဟိုတစ်နေ့က လမ်းထဲကလူငယ်တစ်သိုက်နှင့် လက်ဖက်ရည်ဆိုင်မှာ စကားစမြည်ပြောဖြစ်သေးသည်။ အကြောင်းအရာကတော့ တိတိကျကျမရှိ။ ဟိုရောက်လိုက်သည် ရောက်လိုက်ပေါ့။ အဲဒီထဲမှာမှ မှတ်မှတ်ထင်ထင်ဖြစ်နေသည့် အကြောင်းအရာတစ်ခုက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်နေသည်။

လူငယ်တစ်ယောက်က ကျွန်တော့်ကိုမေးသည်။ လက်ရှိပြည်သူ့စစ်မှုထမ်းဥပဒေအရ သူတို့လည်းစစ်မှုထမ်းရမှာလား။ စစ်မှုထမ်းရရင် ဘယ်လိုနေရာတွေကို ရောက်မှာလဲ။ ကိုယ့်နယ်မှာပဲကိုယ်တာဝန်ကျမှာလား စသည်ဖြင့် မြောက်မြားလှစွာသောမေးခွန်းများဖြစ်သည်။

ကောင်လေးကိုကြည့်လိုက်တော့ အရောင်ဆိုးလွယ်သည့် အဖြူထည်လေး။ အသက်က အလွန်ဆုံးရှိလှ ၁၇ နှစ်။ ကျန်တဲ့လူငယ်များက သူ့ထက်ကြီးသူများသာဖြစ်သည်။ ဒီအချိန်မှာ သူတို့ကို အမှန်အတိုင်းပြောပြထားမှ သင့်လျော်မည်ဟု တွေးမိသည်။ သို့မဟုတ်ပါက အများပြောစကားကြားမှာ သတင်းအမှားများဖြင့် တလွဲဆံပင်ကောင်းသွားနိုင်သည်။

အရင်ဆုံးသူ့ကို ရှင်းပြဖြစ်သည်က ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းဖြစ်သည်။ နောက်တော့ ဘယ်လိုနေရာတွေမှာ တာဝန်ထမ်းဆောင်ရနိုင်မလဲဆိုတဲ့အကြောင်းကို ဆက်ပြီးပြောပြဖြစ်သည်။ ပြီးတဲ့အခါ တပ်မတော်သားဖြစ်သွားပြီဆိုသည်နှင့် ပြည်သူများ၏ချစ်ခင်လေးစားဂုဏ်ယူမှုကို ရရှိနိုင်သည့်အကြောင်းများ ပြောပြလိုက်သည်။

ထိုလူငယ်လေးကို ရှင်းပြဖြစ်သည့် အကြောင်းအရာများကို မသိသေးသော စာချစ်သူများကိုယ်တိုင်လည်း နားလည်သိရှိအောင်၊ ကိုယ့်အနီးဝန်းကျင်က လူငယ်တွေကိုလည်း တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ပြန်လည်မျှဝေနိုင်အောင်ရည်ရွယ်ပြီး ကျွန်တော်က ဒီဆောင်းပါးလေးကိုရေးသားလိုက်ရခြင်းဖြစ်သည်။

အရင်ဆုံးပြောရမည်က ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို တော်တော်များများလည်းသိရှိပြီးဖြစ်မည်ထင်သည်။ သို့သော် အနည်းငယ်ထပ်ရှင်းပြပါရစေ။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ သာမန်အမျိုးသားဆိုလျှင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား၊ ကျွမ်းကျင်သူဖြစ်လျှင်အသက် ၄၅ နှစ်အထိ၊ အမျိုးသမီးဆိုလျှင် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၃၅ နှစ်အထိက စစ်မှုထမ်းရန်အကျုံးဝင်သူများဖြစ်သည်။

သို့သော် စစ်မှုထမ်းရန်အကျုံးဝင်သည့် အသက်ရောက်ရှိပြီး သူတိုင်းလည်း ချက်ချင်းကြီးစစ်မှုထမ်းရခြင်းမဟုတ်ပေ။

**တပ်မတော်ထဲတွင် တိုင်းရင်းသားပေါင်းစုံရှိသည်။ မြန်မာနိုင်ငံမြောက်ဖျားစွန်းမှနေ၍ တပ်မတော်ထဲဝင်လာသည့် တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတောင်ဖျားစွန်းတွင် တာဝန်ထမ်းဆောင်နေကြသည်။ အရှေ့ဖျားစွန်းမှတိုင်းရင်းသားများသည်လည်း အနောက်ဖျားစွန်းတွင် တာဝန်ထမ်းဆောင်နေကြ . . .**

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်အတွင်းဝင်ရောက်လာသည်ဖြစ်စေ၊ မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်အမှုထမ်းသည်ဖြစ်စေ၊ အားလုံးက စစ်သားများသာဖြစ်သည်။ စစ်သားမှန်လျှင် တာဝန်ပေးအပ်ရာနေရာမှာ ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရစမြဲဖြစ် . . .**

ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း အစရှိသည့် အဆင့်ဆင့်ရွေးချယ်အတည်ပြုမှုနှင့်သာ ပြည်သူ့စစ်မှုထမ်းရန်ရွေးချယ်ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ရသူများလည်းရှိသည်။

အခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းများအတွက် သင်တန်းအပတ်စဉ်အားဖြင့် အမှတ်စဉ် (၂) ကိုဖွင့်လှစ်နိုင်ပြီဖြစ်ကာ မိမိသဘောအလျောက်ဆန္ဒပြုသည့် ပြည်သူ့စစ်မှုထမ်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ရေး လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ**သင်တန်းများမှ မွေးထုတ်ပေးလိုက်သည့် သင်တန်းသားများဖြစ်စေ၊ တပ်မတော်သို့ဝင်ရောက်အမှုထမ်းလိုသည်ဟု စာရင်းပေးသွင်းကာ အခြေခံစစ်ပညာသင်တန်းတက်ရောက်ပြီးသည့် သင်တန်းသားများဖြစ်စေ၊ မည်သည့်နည်းဖြင့်မဆိုတပ်မတော်အတွင်းသို့ ဝင်ရောက်လာသူတိုင်းသည် သက်ဆိုင်ရာသင်တန်းများပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် သစ္စာလေးချက်ကိုဦးထိပ်ပန်ဆင်သော၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေသော တပ်မတော်သားများအဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။**

တပ်မတော်သားများပီပီ မြန်မာနိုင်ငံကို ကိုယ့်အိမ်ကိုယ့်ရာဟူ၍ သဘောထားကာ မည်သည့်နေရာကမျှ လုံခြုံရေးစည်းကျိုးပေါက်မှုမရှိစေရန် ကျရာနေရာမှ ကာကွယ်ပေးရမည့် တာဝန်နှင့်ဝတ္တရားလည်းရှိသည်။

တပ်မတော်ထဲတွင် တိုင်းရင်းသားပေါင်းစုံရှိသည်။ မြန်မာနိုင်ငံမြောက်ဖျားစွန်းမှနေ၍ တပ်မတော်ထဲဝင်လာသည့် တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတောင်ဖျားစွန်းတွင် တာဝန်ထမ်းဆောင်နေကြသည်။ အရှေ့ဖျားစွန်းမှတိုင်းရင်းသားများသည်လည်း အနောက်ဖျားစွန်းတွင် တာဝန်ထမ်းဆောင်နေကြသည်။

ဆိုလိုသည်က **တပ်မတော်သားတိုင်းသည် မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို ပေးအပ်သောတာဝန်များနှင့် ထမ်းဆောင်ရမည့်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရမည်မှာ မလွဲဧကန်ဖြစ်ပေသည်။** ဒီလိုမျိုးထမ်းဆောင်ကြသည့်အတွက်လည်း တပ်မတော်သားများသည် ဘယ်နေရာရောက်ရောက် ကိုယ့်အိမ်ကိုယ့်ရာကိုယ့်ဆွေမျိုးဆီကို အလည်အပတ်သွားသကဲ့သို့ပင် ခံစားရစေမည်ဖြစ်သည်။

ကျွန်တော့်ကိုမေးသည့်လူငယ်လေး၏ အဖြေကိုတော့ စကားလုံးကြီးများသုံးပြီး မရှင်းပြဖြစ်။ အထူးသဖြင့် လူငယ်တွေနားလည်လွယ်အောင် ဥပမာလေးများဖြင့်သာရှင်းပြဖြစ်သည်။ ကျွန်တော့်ရဲ့ဥပမာကတော့ အိမ်အကြောင်းပင်ဖြစ်သည်။

ကျွန်တော်တို့တစ်တွေဟာ မိသားစုနှင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်တည်းဖြစ်စေ နေထိုင်ကြရသည့်နေရာကို အိမ်ဟုသတ်မှတ်ထားခြင်းဖြစ်သည်။ အိမ်ဆိုတာဖြစ်လာလျှင် ကိုယ့်အိမ်ကိုကိုယ်တိုင်ကာကွယ်စောင့်ရှောက်ကြရစမြဲပင်။

ဒီလိုကာကွယ်စောင့်ရှောက်ကြရာမှာ အဖေကတော့ အိမ်ရှေ့ကနေကာကွယ်၊ သားအကြီးက အိမ်နောက်ကနေကာကွယ်၊ သားအလတ်နှင့်သမီးငယ်က အိမ်ဘေးတစ်ဖက်တစ်ချက်စီကနေကာကွယ်ရမယ်လို့ ပုံသေနေရာများသတ်မှတ်မထားနိုင်။ အလျဉ်းသင့်သလို နေရာအစုံသွား၍ ကာကွယ်ရမည်ပင်ဖြစ်သည်။ မည်သည့်အတွက်ကြောင့်ဟုဆိုသော် ကိုယ့်အိမ်၏လုံခြုံရေးဖြစ်နေသည့်အတွက်ပင်ဖြစ်သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း နေထိုင်နေကြသော တိုင်းရင်းသားပြည်သူများအားလုံးသည် မြန်မာနိုင်ငံဟူသောအိမ်ကြီးအတွင်းမှ မိသားစုဝင်များသာဖြစ်သည်။ မိသားစုဝင်ဖြစ်သည်နှင့်အညီ ကိုယ့်အိမ်ဖြစ်သည့် မြန်မာနိုင်ငံကြီး၏ ဘေးကင်းလုံခြုံရေးအတွက် နေရာပေါင်းစုံထောင့်ပေါင်းစုံမှနေ၍ ကျရာတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။**

ထို့အတူ ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်အတွင်းဝင်ရောက်လာသည်ဖြစ်စေ၊ မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်အမှုထမ်းသည်ဖြစ်စေ၊ အားလုံးက စစ်သားများသာဖြစ်သည်။ စစ်သားမှန်လျှင် တာဝန်ပေးအပ်ရာနေရာမှာ ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရစမြဲဖြစ်သည်။

ယခုလက်ရှိ ရှေ့တန်းစစ်မြေပြင်တွင်ရှိနေသော တပ်မတော်သားများသာမက ရှေ့တန်းနေစစ်သည်များအတွက် လိုအပ်သည့်ကိစ္စအဝဝကို ဆောင်ရွက်ပေးနေသော နောက်တန်းဌာနချုပ်နေစစ်သည်များအားလုံးသည်လည်း တစ်နယ်တစ်ရပ်တစ်ကျေးမှနေ၍ လာရောက်တာဝန်ထမ်းဆောင်ကြသူများသာဖြစ်သည်။

မိသားစုဝင်မှန်လျှင် ကိုယ့်အိမ်ကို ကိုယ်မခွဲချင်သူများသာဖြစ်သည်။ မိသားစုသိုက်သိုက်ဝန်းဝန်းနေချင်ကြသူများသာဖြစ်သည်။ ထိုသို့သောတပ်မက်ဖွယ်အရာများအပေါ် စွန့်လွှတ်နိုင်သူများကို မြင့်မြတ်သူများဟုခေါ်ဆိုရမည်ဆိုလျှင် လူပုဂ္ဂိုလ်များထဲတွင် တပ်မတော်သားများက ထိပ်ဆုံးကပါဝင်မည်ဖြစ်သည်။

တပ်မတော်သားများသည် မိသားစုနှင့်ခွဲပြီး တစ်နယ်တစ်ကျေးမှာ သွားရောက်တာဝန်ထမ်းဆောင်ကြသည်။ ဒီလိုတာဝန်ထမ်းဆောင်ရာမှာ မိသားစုသိုက်သိုက်ဝန်းဝန်းနေလိုသောဆန္ဒကို စွန့်လွှတ်ထားကြသည်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် သတ္တဝါတိုင်းလိုချင်တပ်မက်ပါသည်ဆိုသော အသက်ကိုတောင်မှစွန့်လွှတ်ထားကြသူများဖြစ်သည်။

ဒါကြောင့် မည်သို့သောအကြောင်းရင်းကြောင့်ဖြစ်စေ တပ်မတော်အတွင်းဝင်ရောက်လာပြီဆိုလျှင် တပ်မတော်သားဖြစ်သွားပြီဖြစ်ပြီး စစ်သားစိတ်လည်းဖြစ်ပေါ်လာရပြီဖြစ်သည်။ ဒီလိုစစ်သားစိတ်နှင့်ရောက်ရာနေရာမှာ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားဝံ့သော ပြည်သူ့သားကောင်းများတစ်ဖြစ်လဲ သူရဲကောင်းများကို ကျွန်တော်တို့ပြည်သူများက အစဉ်လေးစားဂုဏ်ယူနေရခြင်းဖြစ်ပေတော့သည်။

ကျွန်တော့်ထံမှစကားဆုံးသွားပြီးနောက် လူငယ်တစ်သိုက်သည်လည်း တစ်ယောက်ပခုံးတစ်ယောက်ဖက်လျက် ကိုယ်စီအိမ်သို့ပြန်သွားကြသည်။ သူတို့၏ အတွေးထဲမှာတော့ ပြည်သူများလေးစားဂုဏ်ယူရသည့် တပ်မတော်သားဘဝကို ပုံဖော်နေကြပြီဆိုသည်ကို သူတို့၏မျက်ဝန်းများမှ တစ်ဆင့်တွေ့မြင်လိုက်ရသည်။

လူငယ်များမရှိတော့မှ ကျွန်တော်ကိုယ်တိုင်လည်း ခံစားချက်တစ်ခုကို နှစ်နှစ်ကာကာရရှိခံစားမိလိုက်သည်။ "ပြည်သူကြားပေါက်ဖွားလာတဲ့ ပြည်သူ့သားကောင်း တပ်မတော်သားဆိုတာ သူမတူတဲ့ စွန့်လွှတ်အနစ်နာခံမှုနှင့်အတူ ပြည်သူလူထု၏ယုံကြည်ကိုးစားမှုနှင့် လေးစားဂုဏ်ယူမှုကို ရရှိနေကြသူများပါတကား" ဟုခံစားနေမိခြင်းပင်ဖြစ်ပေတော့သည်။

ထက်မြတ်




တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

★ **ရွှေဖုံးမှအဆက်**

အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



မူလအာဘိဓမ္မိကအောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေမင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပဏ္ဍဝါလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကတ်သုံးပုံ အာဂုံရေးဖြေအောင်



ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

ဟိတရေ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ၎င်းတို့၏ဇနီးများနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ဘွဲ့ရသာသနာ့အာဇာနည် အရှင်မြတ် ၉ ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့ရသာသနာ့အာဇာနည်အရှင်မြတ် ၅ ပါး၊ ပိဋကတစ်ပုံအာဂုံအောင် ဝိနယဓရသာသနာ့အာဇာနည်အရှင်မြတ် ၃၁ ပါး၊ ဝိနည်း(ပထမပိုင်း) ရေးဖြေအောင် ဉဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် ၇ ပါး၊ ဝိနည်း(ပထမပိုင်း) အာဂုံအောင် ဉဘတောဝိဘင်္ဂဓရဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ် ၅၁ ပါး၊ စုစုပေါင်း ၁၁၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

ယခုကျင်းပပြီးစီးခဲ့သည့် (၇၆)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအထိ (၇၆) နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် (၁၆)ပါးပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကို ရရှိပြီး၍ (၅)နှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှဆက်ကပ်



တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရနှင့် မူလအာဘိဓမ္မိက အောင်မြင်တော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဇနိန္ဒတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မူလအာဘိဓမ္မိကအောင်မြင်တော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပဏ္ဍဝါလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်အာစာရာလင်္ကာရနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်အာနန္ဒပဏ္ဍိတာ လင်္ကာရတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၁ ပါး၊ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၃ ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၉ ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၅ ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၃၁ ပါး၊ ဉဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၇ ပါး၊ ဉဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၅၁ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇန

(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရသာသနာ့အာဇာနည် အရှင်မြတ် ၁ ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိက ၅ ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့ရသာသနာ့အာဇာနည် အရှင်မြတ် ၃ ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက

သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်ကြီး ၁၄ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည်အရှင်သူမြတ် (၅)ပါးလည်းပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာမည့် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 13

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win offers certificates, religious titles to monks who passed 76th Tipitakadhara Tipitakakovida Selection Exam



Vice-Senior General Soe Win and the congregation listening to a sermon by Sayadaws.

A ceremony to honour 112 members of the Sangha who passed the 76th Tipitakadhara Tipitakakovida Selection Examination organized by the Religious Affairs Department of the Ministry of Religious Affairs and Culture of the Republic of the Union of Myanmar took place in conjunction with the certificate offering ceremony at Maha Pasana Cave on Thiri Mingala Kaba Aye Hill in Yangon at 8 am today.



Vice-Senior General Soe Win offers religious title and certificate to a Sayadaw.

Also present at the ceremony were members of the Sangha led by Chairman of the State Sangha Maha Nayaka Committee Presiding Patron of Thanlyin Minkyaung Buddhism Learning Centre Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, Ovadacariya Sayadaws of Tipitakadhara Tipitakakovida Selection Board, Tipitakadhara Dhamma Bandagarika Sayadaws, Tipitakadhara Tipitakakovida Sayadaws, Tipitaka Pucchaka Sayadaws, supervisor Sayadaws, and the monks who passed the exam. Moreover, the ceremony was also attended by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC member Dr Ba Shwe, Union ministers U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein and their wives, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, ministers of Yangon Region government, departmental officials and guests.



Vice-Senior General Soe Win offers alms to a Sayadaw.

First, the Vice-Senior General and party took the Five Precepts from Vice Chairman of the selection examination board Ovadacariya Committee Presiding Patron of Moegaung Monastery in Hinthada of Ayeyawady Region Abhidhaja Agga Maha Saddhamma Jotika Bhaddanta Sudhammacara Bhivamsa.

SSMNC Chairman Sayadaw Thanlyin Minkyaung Buddhism Learning Centre Presiding Patron Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa gave Saraniya Ovada Katha.

Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious affairs.

The ceremony to offer religious titles and certificates to the monks who passed the exam followed. The Vice-Senior General offered religious title and certificate to Ashin Pannasirilankara from Tipitaka Nikaya Monastery in Dagon Township of Yangon Region who secured Tipitakadhara Tipitakakovida title for passing the examination and Ashin

See Page - 19

●● From Page - 18

Janinda from Mingun Tipitaka Nikaya Monastery of Momeik Hill in Sagaing of Sagaing Region for passing Mula Abhidhammika subject respectively.

SAC member Dr Ba Shwe offered religious title and certificate to Ashin Pandavalankara from Mingun Tipitaka Nikaya Monastery of Momeik Hill in Sagaing of Sagaing Region, Ashin Acaralankara from Tipitaka Maha Gandawin Nikaya Monastery in Dagon Myothit (East) Township of Yangon Region and Ashin Anandapanditalankara from Mingun Tipitaka Nikaya Monastery of Momeik Hill in Sagaing of Sagaing Region for passing Mul Abhidhammika subject.

Union ministers U Maung Maung Ohn, U Tin Oo Lwin and Dr Thet Khaing Win, Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials presented Mula Abhidhammika title to a monk, Digha Nikayakovida title to three monks, Digha Bhanaka title to nine monks, Vinayakovida title to five monks, Vinayadhara title to 31 monks, Ubhato Vibhangakovida title to seven monks and Ubhato Vibhangadhara title to 51 monks respectively.

The Vice-Senior General and congregation listened to a sermon delivered by SSMNC Secretary Abbot of Dhamma Thameikdi Monastery of new Masoeyein building in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhammakathika Bahujanahitadhara Bhaddanta Vasetthabhivamsa and shared merits gained.



A Sayadaw receives religious title and certificate.



A Sayadaw receives religious title and certificate.



A Sayadaw receives religious title and certificate.

The Vice-Senior General and wife, SAC member Dr Ba Shwe, Union ministers, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and their wives and officials donated offerings to monks who passed the Tipitakadhara Tipitakakovida Selection Examination.

The 76th Tipitakadhara Tipitakakovida Selection Examination turned out one Tipitakadhara Tipitakovida monk, five Mula Abhidhammika monks, three Dhiga Nikayakovida monks, nine Dhiga Bhanaka monks, five Vinayakovida monks, 31 Vinayadhara monks, seven Ubhato Vibhangakovida monks and 51 Ubhato Vibhandadhara monks, totalling 112.

Up to 76th examination, 16 Tipitakadhara Tipitakakovida monks have emerged during the 76-year period. After five years of securing the title, the government offers Tipitakadhara Dhammabhandagarika title to those Sayadaws. So far, 14 members of Tipitakadhara Dhammabhandagarika Sayadaws have emerged. As five Tipitakadhara Sayadaws have emerged, there are many prospects to come out more Tipitakadhara Tipitakakovida title recipient Sayadaws.

100

---

♦♦ From Page - 21

successfully. As revenues are earned by cooperation with factories and workshops in the Thilawa Special Economic Zone, efforts must be made to increase revenues. It is necessary to carry out tasks to produce foodstuffs and consumer product not only for the local market but also to export new agricultural and livestock breeding products to other countries.

In connection with security matters, security awareness must be raised to prevent loopholes in the region and responsible officials are required to prevent unnecessary bullying and blackmailing in accordance with the law. Concerning with the People' Military Law, provisions have been enacted but it is found that destructive media are spreading rumours to undermine stability and cause fear among the public. The government has been implementing the law in accordance with the law.

As the Yangon Region is the economic capital of the country, relentless efforts must be made to contribute to the economic development of the country. In doing so, it is necessary not to rely on the budget approved by the government but on measures taken to earn revenues to stand on their own feet. In implementing tasks in respective economic zones, it is necessary for responsible officials to coordinate and take proper measures to solve issues of water, electricity and labour in accordance with the frameworks laid down.

100

NAY PYI TAW May 13

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits Tatmadaw members receiving treatment at Defence Services Orthopedics Hospital (500 beds) in Mingaladon Township

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, along with senior military officers from the Office of the Commander-in-Chief, the Yangon Command commander, and officials, visited the Defence Services Orthopedics Hospital (500 beds) in Mingaladon Township, Yangon Region, this afternoon, and comforted the senior officers, other ranks and families receiving medical treatment.

On arrival at the hospital, the Vice-Senior General and party were welcomed by the commandant and officials.

The Vice-Senior General and party visited the patients individually, asked about their improved health, comforted them, and gave away food and honorary cash awards to them.

After that, the Vice-Senior General presented cash awards to the health workers who are serving in the hospital and the officials received them. Then, the Vice-Senior General and party toured the hospital and left necessary instructions.

In the afternoon, the Vice-Senior General met the Yangon Command commander and commanding officers and officials from the stations under the control of Yangon Command at the meeting hall of the command and discussed regional security affairs. **100**



Vice-Senior General Soe Win comforts a patient.

HOUSING PROJECT

# Kayin State to implement staff housing, public rental housing projects in 2024-2025 FY

The Ministry of Construction stated that plans are underway to implement staff housing and public rental housing projects in Kayin State in 2024-2025 financial year.

These projects will be implemented by the Department of Urban and Housing Development of the Ministry of Construction with the Kayin State budget.

In this regard, the project will cover construction of a five-storey four-apartment building and a five-storey three-apartment public rental housing in Hpa-an.

Tender has been invited to private entrepreneurs for implementing the project.

Currently, the Building Special Task Force-13 of the Ministry of Construction is building a three-storey building at Kayin State People's Hospital.

Moreover, a four-storey RC student hostel and a one-storey RC mess hall are under construction at Hpa-an University, a 100-student-capacity two-storey hostel, a one-storey mess hall and a four-storey four-apartment staff housing at Technological University (Hpa-an), and a canteen and a gym at University of Computer Studies (Hpa-an).

Moreover, plan s are underway to construct a gym at Technological University (Hpa-an) and housings for faculty members at Hpa-an University. **SK**

AGRICULTURE

# Onion growers in Yinmabin District reap 9,846 acres of winter onions

The harvest of 9,846 acres of onions planted during the winter crop season in Yinmabin District, Sagaing Region, has been completed, according to statistics from the Department of Agriculture for Yinmabin District.

During the 2023-2024 winter crop planting season, the onion fields planted in Yinmabin District have been harvested since February of this year. So far, 9,846 acres have been harvested and 3,592.55 visses per acre has been produced.

"As for onion cultivation, most of them are planted in winter. Onion cultivation has been expanding year by year," said Daw Myat Moe Win, District Head of the Department of Agriculture in Yinmabin District.

According to the completion of onion harvesting in Yinmabin District, there were 3,179 acres in Yinmabin Township, 519 acres in Kani Township, 3,948 acres in Salingyi Township, and 2,200 acres in Pale Township, totaling 9,846 acres.

The townships that grow the onions mostly in Sagaing Region are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SK**

BUSINESS

# Myanmar conducts trial export of Seintalone mangoes

The trial phase for exporting Myanmar's Seintalone mangoes to China via the Mongla border is currently underway. Merchants on both sides of the border are also exploring the possibility of air exports, as reported by the Myanmar Mango Market Technology Development Association.

U Kyaw Soe Naing, the association's general secretary, stated, "Seintalone mangoes are in high demand in China, as are Shwe Hintha and Padamya Ngamauk varieties. Since this trade route is new, we are still in the process of conducting trial exports."


Currently, five 24-tonne trucks loaded with mangoes traverse the Mongla route daily, with this number doubling on the old road. China remains the primary destination for Myanmar's mangoes, with early exports of Seintalone observed this year.

Discussions on bilateral air exports are ongoing, prompted by the interest of some Chinese merchants in personally purchasing mangoes.

The mango season typically commences towards the end of April and the beginning of May. **SMK**

NAY PYI TAW May 13

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win meets Yangon Region government members, district/township officials



Vice-Senior General Soe Win meets Yangon Region government members and district/ township officials.

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win met Yangon Region government members, district/township officials at the region government office this morning and discussed regional development and economic matters.

Present together with the Vice-Senior General were SAC member Dr Ba Shwe, union ministers, the region chief minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander.

Chief Minister U Soe Thein reported on local points, regional development undertakings, farming activities, loans disbursed to businesspersons from national economic development fund, issuance of MSME member cards, ongoing businesses of Thilawa Special Economic Zone, formation of public security supervisory teams and progress in implementing the guidance of Head of State with the help of powerpoint.

District/township officials reported on cooperation rendered by the relevant officials for progress of multiple sectors including social, health, economic, farming, preparations for population and housing census that will be launched in the entire country from 1 to 15 October 2024, specifications and systematic selection of entitled persons of people's militia service law and Pankin project.

The Vice-Senior General asked for more information and looked into the requirements. He said the meeting was held to know the progress in implementing the Head of State's guidance and to attend to the needs through coordination. It is found that seeders increase summer paddy. Hence technological dissemination and correct methods are required to increase yield. According to the Head of State's guidance, Yangon Region must strive to ensure food sufficiency. Hence yearwise success is needed to ensure 100 percent food sufficiency in the region.

Yangon has raised nearly 20 million layers and broilers in its commercial and manageable-scale farms. In order to reduce cost, the Head of State has instructed the Tatmadaw to establish feedstuff factories. In this way products will be about 20 percent cheaper than the market price, and no need to rely on private businesses. Farming will gain more success if feedstuff factories can be set up for chicken, pig, fish, and cattle farms.

The State has provided over Ks- 8 billion for national economic development, and Ks- 7.5 billion of them go to businesspersons. But the loans must be actually used for business. Loans include short-term, mid-term and long-term loans. Business persons must do their work correctly and the officials should check whether they are actually using the funds for their businesses. Entrepreneurs will be able to pay back their loans only through actual business operations. Repaid funds can be used in other necessary areas.

It is necessary to implement public security organizations not in the statistics but on the ground actually and effectively. The population and household census that is conducted once in decade will be conducted from 1 to 15 October in 2024 in the entire country and it is necessary to make preparations to conduct the census successfully. Conducting population census is related to the people who are residing in the entire country. Conducting population census is different from voting and conducting correct population census is important for the country. Only population censuses are conducted correctly, can contributions be made for education, health, defene and social and economic affairs and can proper measures be taken for development of regions and state. Therefore, it is necessary to conduct the population census properly.

As the rainy season is arriving soon, respective townships are required to carry out pre-monsoon agricultural tasks to meet targets. Moreover, preparations must be made for floods that occur in rainy seasons. In connection with health, measures must be taken to prevent rainy season endemics as much as possible. As for education, schools are reopening soon and measures must be taken to open all schools. Concerted efforts must be made systematically to enable all school-aged children to go to school, to go to school continuously without disruption and safely, in accordance with the instructions of the Prime Minister.

In accordance with the instructions of the Prime Minister, sunflower and other oil crops must be cultivated systematically. In connection with MSMEs, more efforts must be made and measures must be taken to carry out manageable level businesses and medium business

See Page - 19♦♦

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်မည့် နိုင်ငံသားကောင်းရတနာများအား တပ်မတော်သားဆံပင်ပုံစံညှပ်ပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်မည့် နိုင်ငံသားကောင်းရတနာများအား နယ်မြေခံသင်တန်းကျောင်းမှ တာဝန်ရှိသူများက စစ်ဝတ်ပစ္စည်းများ စနစ်တကျဝတ်ဆင်တတ်စေရန် ကူညီကြပ်မတ်ဆောင်ရွက်ပေးစဉ်။





မန္တလေးတိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တွင်တက်ရောက်မည့် နိုင်ငံသားကောင်းရတနာများအား စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်မည့် နိုင်ငံသားကောင်းရတနာများအား နယ်မြေခံသင်တန်းကျောင်းတွင် စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်ကြမည့် နိုင်ငံသားကောင်းရတနာများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

● ကျောဖုံးမှအဆက်

စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။

ဆက်လက်၍လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်မည့် နိုင်ငံသားကောင်းရတနာများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုသို့သင်တန်းကျောင်းအသီးသီးရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) တက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံသားကောင်းရတနာများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ အားပေးစကားများပြောကြားခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ သင်တန်းဖွင့်ပွဲအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကိုကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးကြပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ပဲခူး မေ ၁၃

# လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်နိုင်ငံတော်က အားကိုးအားထား ပြုနိုင်မည့်သားကောင်းရတနာဖြစ်အောင် ငယ်စဉ်ကတည်းက ကြိုးစားတည်ဆောက်

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဗလငါးတန် ဖွံ့ဖြိုးရေးနှင့်လူငယ်များအတွက်အသိပညာပေး ဆွေးနွေးရာတွင် ယနေ့ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ နိုင်ငံ့အကျိုး ဆောင်ရွက်ကြရမည့်သူများဖြစ်ကြောင်း၊ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးဆောင်ရွက်ကြမည့်သူများဖြစ်ကြ၍ အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတကြွယ်ဝပြီး ဗလငါးတန် ပြည့်ဝ၍ ထူးချွန်ထက်မြက်သောလူတော် လူကောင်းများ၊ လူရည်ချွန်လူရည်မွန်များ ဖြစ်ရန်လိုအပ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကောင်းမွန်မှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနာဂတ်နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့်သားကောင်းရတနာ ဖြစ်အောင် ငယ်စဉ်ကတည်းက ကြိုးစား တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတ လေ့လာလိုက်စားနိုင်ရေး နိုင်ငံတော်က ဘက်စုံပညာရေးစနစ်ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လက်ရှိ အခြေအနေတွင် အချိန်မတိုင်မီကျောင်းထွက် မှုများပြားပြီး မူလတန်း၊ အလယ်တန်းအဆင့်ဖြင့် ကျောင်းထွက်သွားကြသူ များပြားကြောင်း၊ အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့် ပညာဆက်လက်သင်ကြားနိုင်မှု ရာခိုင်နှုန်း နည်းပါးနေကြောင်း၊ ထို့ကြောင့် ပညာရေးကို မြှင့်တင်ရန်လိုအပ်သဖြင့် နိုင်ငံတော်အကြီး အကဲအနေဖြင့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးတို့ကို ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာပေဘာသာရပ် တတ်မြောက်ကျွမ်းကျင်ရုံမျှသာမဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆ၊ ခံယူချက် ယုံကြည်ချက်ပြည့်ဝသည့် ဘက်စုံပြည့်ဝထူးချွန်သည့် လူငယ်များဖြစ်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် မတည်ငြိမ်မှုများ၊ ဆူပူအကြမ်းဖက်မှုများ၊ ဖျက်ဆီးနှောင့်ယှက်မှုများသည် အသိပညာ စဉ်းစားဆင်ခြင်မှု အားနည်းသူများ၏ အကျိုးဆက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး အသိပညာပြည့်ဝ ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုကြရန်လိုအပ်ပြီး ဘဝ တစ်လျှောက်လုံး လေ့လာဆည်းပူးသင်ယူသည့် လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည့် အတွက် ယနေ့လူငယ် ကျောင်းသား၊ ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲက လူငယ်များအပါအဝင် ပြည်သူများ လက်လှမ်းမီစွာ စာပေလေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်သူများစာပေ လေ့လာဖတ်ရှုရေး တိုက်တွန်းအားပေး လျက်ရှိကြောင်း၊ သက်ရှည်ကျန်းမာပြီး နိုင်ငံ့ အကျိုးသယ်ပိုးနိုင်ကြမည့် ဗလငါးတန်ပြည့်ဝ သည့်လူငယ်များဖြစ်အောင်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးအတွက် လိုအပ် သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ ယခုမှ ပြဋ္ဌာန်းထုတ်ပြန်အကောင်အထည် ဖော်ခြင်းမဟုတ်ကြောင်း၊ ၁၉၅၉ ခုနှစ်က ရှိပြီးဖြစ်သည့် ဥပဒေကို ၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသမိုင်းတွင် ပြည်တွင်းဆူပူအကြမ်းဖက်မှု များနှင့် ပြည်ပကျူးကျော်ရန်စမှုများကို ပြည်သူများပါဝင်သည့် ပြည်သူ့စစ်မဟာ ဗျူဟာဖြင့်သာ ကာကွယ်ထိန်းသိမ်းခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်း တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ် မဟာဗျူဟာကိုဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်း ထားကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၅ နှင့် ၃၈၆ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက် ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ် ကြောင်းနှင့် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြား ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထား ကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကိုလေ့လာပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို နိုင်ငံသားတာဝန်အရ ဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးမလိုလားသူ များက အဖျက်အမှောင့်မျိုးစုံဖြင့် ၎င်းဥပဒေကို ဝေဖန်တိုက်ခိုက်နေခြင်းအပေါ် သတိထားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည့်အချိန်တွင် လိုအပ်သည့်အရေ အတွက်ဖြင့်သာ ဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်၍ ပြည်သူများအကြား စိတ်ပူပန်မှု မများကြစေလိုကြောင်း၊ လိုအပ်သည့်အချိန်တွင် နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ကြရမည် ဟူသောစိတ်ထားဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဲခူး တက္ကသိုလ် စာကြည့်တိုက်အတွက် ပဲခူး တက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးခိုင် ထံသို့ စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ် ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တိုင်း ဒေသကြီးအစိုးရအဖွဲ့မှလှူဒါန်းသည့် အခြေခံ ပညာကျောင်းများအတွက် စာအုပ်/စာစောင် များနှင့် ပဲခူးတက္ကသိုလ်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သော အားကစားပစ္စည်းများကို တိုင်းဒေသကြီးပညာ ရေးမှူး ဦးမျိုးဝင်းအောင်ထံ ပေးအပ်သည်။

ထို့နောက် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်က ကျေးဇူးတင် စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ နိုင်ငံ့ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရေး တိုက်တွန်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ၊ တိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမများနှင့်လူငယ်များ၊ နွေရာသီအားကစားသင်တန်းများမှ လူငယ် မောင်မယ်များ စုစုပေါင်း ၄၅၀ ခန့်တက်ရောက် ခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာတန်ဖိုး ဆထက်တိုး

- သာစွရွှေပြည်၊ များစေတီနှင့်
  ရွှေရည်လျှံဝင်း၊ ကျော်သတင်းကြောင့်
  စိတ်ရင်းမြန်မာ၊ များလူငါတို့
  ရင်မှာဖြူစွ၊ ဖော်ရွှေကြသည်
  များလှပျူငှာ၊ တို့မြန်မာဟု
  သာယာလှပ ပေတကား။
- တောတောင်ရေမြေ၊ စိမ့်စမ်းရေကြောင့်
  ညှို့တွေပေါ်များ၊ လွန်စည်ကားနေ
  တိုင်းခြားလေ့လာ၊ တို့မြန်မာဝယ်
  နေရာနှံ့ပြား၊ လွန်ပေါ်များ၍
  တစ်ပါးဘာသာ၊ လူများစွာတို့
  ဝင်လာချစ်ခင်၊ ပြည်တစ်ခွင်ဝယ်
  တွင်တွင်ပေါ်များ၊ တိုင်းတစ်ပါးမှ
  ညှို့သွားညှို့လာ များပေတကား။
- သြော်. . .
  ဇာတိမြန်မာ၊ တို့ပြည်ရွာ၏
  သာယာရှုခင်း၊ ပြည်အတွင်းဝယ်
  အဆင်းရှိစွ၊ ဂုဏ်လှပ၍
  ကြားရသတင်း၊ နိုင်ငံချင်းပင်
  ထွန်းလင်းသာစွ၊ မြတ်ဗုဒ္ဓ၏
  မြင်ရတန်ခိုး၊ ရိုသေကျိုးကာ
  လူမျိုးဂုဏ်မှာ၊ တင့်ရပါသည်
  မြန်မာဗုဒ္ဓ၊ ဘာသာမျှရာ
  သာစွတရား၊ ကျင့်ကြံထား၍
  အမှားမရှိ၊ တရားသိစေ
  အမိမြေတွက်၊ ဂုဏ်ယူလျက်မို့
  ထက်မြက်ဘာသာ၊ သာသနာကြောင့်
  မြန်မာတန်ဖိုး၊ ဆထက်တိုးသည်
  တန်ခိုးရွှေရောင် တလဲ့လဲ့။ ။

**ရွှေလက်ပံ(မဲဇလီ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၂၄ (အင်္ဂါနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၅၀ မြန်မာ့ရှုခင်း
၅။ ၈း၂၅ ဆောင်းပါးပေါ်ကစာစုများ
၆။ ၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၂း၀၀ ၁၂ လရာသီမှတ်တမ်း
၈။ ၁၆း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၉။ ၁၇း၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၀။ ၁၈း၁၅ Movies and Movies
၁၁။ ၁၈း၄၅ Myanmar Traditional Food
၁၂။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ -မာတာပီတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော**

နေပြည်တော် မေ ၁၃

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ(စတုတ္ထအကြိမ်)အစည်းအဝေးကျင်းပ

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၊ ရေထွက်သယံဇာတများ ရေရှည်တည်တံ့အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန်လိုအပ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်နှင့် အရိပ်ရပင်များ (Green Belt)တိုးမြှင့်စိုက်ပျိုးရေး၊ ဒီရေတောများထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများအား ထိန်းသိမ်းရန်အတွက် အရေးကြီးသော Hot Spot နေရာများသတ်မှတ်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စွန့်ပစ်အမှိုက်များ ပင်လယ်တွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ကဏ္ဍအလိုက် ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတကိုမထိခိုက်သော စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် ပင်လယ်ကမ်းရိုးတန်းအဏ္ဏဝါသယံဇာတထိန်းသိမ်းရေး၊ သုတေသနနှင့်နည်းပညာဖလှယ်ရေးပူးပေါင်းအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးမဖမ်းရနယ်မြေများ သတ်မှတ်ဆောင်ရွက်ရေး၊ ငါးမဖမ်းရ ရာသီကာလသတ်မှတ်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများကာကွယ်ရေး၊ သဘာဝမှရရှိသော သယံဇာတများကို မှီခိုထုတ်လုပ်မှု လျော့နည်းစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်း တိုးတက်လာစေရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသရှိ သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစုများ ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၁၃

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပ

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှတာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာအလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေး ကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် မေလ ၉ ရက်အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၆၃ ခု၊ စစ်ဆေးအကဲဖြတ်သူ ၈၃၈ ဦး၊ စစ်ဆေးရေးမှူး ၁၀၂ ဦးကို အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၂၈၅၈၄ ဦး ဖြေဆိုခဲ့မှုအနက် ၂၆၂၂၃ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း။

ဧပြီလတွင် ဖြေဆိုသူ ၇၀ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး မေလတွင် ဖြေဆိုသူ ၂၀၄ ဦးကို စစ်ဆေးအကဲဖြတ်မည်ဖြစ်ကြောင်း၊ အဆိုပြုစာရင်းတင်ပြပြီးသော လုပ်ငန်းကဏ္ဍများ၊ ကော်မတီများအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အစောပိုင်းကာလ ပထမခြောက်လပတ်အတွင်း စစ်ဆေးအကဲဖြတ်မှုကို တွန်းအားပေး ဆောင်ရွက်ရန်လိုကြောင်း၊ စစ်ဆေးအကဲဖြတ်ရေးလျာထားချက်ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ၊ Assessment Center များ၊ Chief Assessor နှင့် Assessor များအားလုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အလုပ်အကိုင် ၁၄ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၆၃၁ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဂဟေအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံအလိုက်ခေါင်းဆောင်များ၊ ထိုင်းလိုင်စင်ရအေဂျင်စီများနှင့်တွေ့ဆုံ၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများစနစ်တကျဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထက်ဦးသင်တန်းကျောင်း(ရန်ကုန်) စစ်ဆေးအကဲဖြတ်ရေးဌာန၌ ကြွေပြားကပ်အဆင့်(၁)အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



ပဲခူး မေ ၁၃

# ပဲခူးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့” ဆိုင်းဘုတ်စိုက်ထူပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် “ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ကျောင်းအပ်နှံကြစို့” ဆိုင်းဘုတ်မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ တောင်ငူလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ မြေနေရာ၌ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားသို့ရောက်ရှိရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာတီးခတ်ခြင်းနှင့် ပန်းဖွားအကတို့ဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ပဲခူးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့” ဆိုင်းဘုတ်မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့တက်ရောက်လာသည့် လူရည်ချွန်မောင်/မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် မေ ၁၃

# အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၇/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



နိုင်ငံခြားရေးဝန်ကြီးဌာနမှဖွင့်လှစ်မည့် အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၇/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီး ဦးလွင်ဦးက နေပြည်တော်၌ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းများကို အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းတက်ရောက်အောင်မြင်ပြီးသူ အစိုးရဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များအား သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များကို ပိုမိုလေ့လာနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် တန်းခွဲနှစ်ခုဖြင့် မေလ ၁၃ ရက်မှ ဇူလိုင်လ ၅ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေများ၊ စီးပွားရေးဆိုင်ရာများ၊ အထွေထွေဗဟုသုတဆိုင်ရာများစသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု၏လုံခြုံရေးနှင့် လူမှုဘဝမြင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများနှင့် Mobile Team များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (Passport) ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်းမရှိသည့် UID နံပါတ်အတုများအသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာအသိအမှတ်ပြု ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် (Passport) ၏ ကိုယ်ရေးအချက်အလက်များအပေါ် မူတည်၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကို ပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်အား Random ဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့်ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝက မြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီး ပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

နေပြည်တော် မေ ၁၃

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေလ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရပ်စောက်မြို့ ဗထူးရပ်ကွက်အနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် တင်ထွန်းဦး(ခ)ကိုနိုင် မောင်းနှင်ပြီး မိုးကျော်သူလိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်နှင့် ခွန်ကျော်သူ မောင်းနှင်လာသည့် ခြောက်ဘီးမော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide ၁၀၀၀၀ ကီလို (၁၀ တန်)ကိုလည်းကောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေလ ၁၂ ရက် ည ၆ နာရီခွဲတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် မြို့ရှောင်လမ်းတွင် အိုက်ခုန်းမောင်းနှင်ပြီး စိုင်းခမ်းရှုန်လိုက်ပါလာသည့် HONDA CRV အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေလ ၁၁ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၃) ကောင်းဆာလမ်းနှင့် လားရှိုး-သိန္နီသွားကားလမ်းမကြီးထောင့်တွင် စိုင်းအွမ်ခမ်း(ခ)အိုက်အွမ်မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၃) ကောင်းဆာလမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



တင်ထွန်းဦး(ခ)ကိုနိုင်၊ ခွန်ကျော်သူ၊ မိုးကျော်သူ၊ စိုးနိုင်နှင့် မိုးဇော်တို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော်   မေ   ၁၃

## ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံယဉ်ကျေးမှုပြတိုက်အား ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ ကြည့်ရှုစစ်ဆေး



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့သည် မေလ ၁၁ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်သို့ လာရောက်လေ့လာသူများ စိတ်ပါဝင်စားမှုရရှိစေရေးအတွက် လုံလောက်သော အလင်းရောင်ရရှိစေရေး ဆောင်ရွက်ရန်၊ ခင်းကျင်းပြသထားသည့် ပစ္စည်းအမျိုးအမည်နှင့် လိုက်ဖက်ညီသည့် အရောင်များကို ရွေးချယ်ခင်းကျင်းပြသရန်နှင့် လာရောက်လေ့လာသူများ သက်သောင့်သက်သာဖြင့် ကြည့်ရှုနိုင်ရေးအတွက် ပြသပစ္စည်းများကို သင့်လျော်သည့်နေရာတွင် ပြောင်းလဲခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်သွားရန်တို့ကိုမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၄)ရပ်ကွက်ရှိ ယဉ်ကျေးမှုပြတိုက်အသစ်သို့ သွားရောက်ကြည့်ရှုပြီး ခင်းကျင်းပြသရာတွင် အများပြည်သူစိတ်ပါဝင်စားမှုရရှိစေရေးအတွက် ပြခန်းအနေအထားပေါ် မူတည်ပြီး ပစ္စည်းများကို ပြောင်းရွှေ့ခင်းကျင်းပြသထားရှိသွားရန်၊ ပြခန်းများတွင် Touch Screen နှင့် ဆက်စပ်ပစ္စည်းများ အသုံးပြု၍ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လွယ်ကူစွာ လေ့လာသိရှိနိုင်ရေး ထားရှိဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်   မေ   ၁၃

## MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MNL League Cup 2024 ပြိုင်ပွဲအုပ်စု(A)ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဂိုးပြတ်နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024ပြိုင်ပွဲ အုပ်စု(A)အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ GFAအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂မိနစ်တွင် ဟိန်းဇေယျာလင်းကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်တွင် ရန်ကျော်ထွေးကလည်းကောင်း၊ ပွဲချိန် ၈၆ မိနစ်တွင် လမင်းထွေးကလည်းကောင်း အသီးသီးသွင်းယူပေးသည်။

အလားတူ ညနေ ၄နာရီက တက္ကသိုလ်အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ၅ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈မိနစ်တွင် အောင်လှိုင်ဝင်းကလည်းကောင်း၊ ပွဲချိန်မိနစ် ၅၀နှင့် မိနစ် ၉၀ တွင် ချစ်မျိုးထိုက်ကလည်းကောင်း၊ ပွဲချိန် ၅၆ မိနစ်တွင် Txmu Pong Aum ကလည်းကောင်း၊ ပွဲချိန် ၆၄မိနစ်တွင် အာကာကျော်ကလည်းကောင်း အသီးသီးသွင်းယူပေးကြသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်များအဖြစ် မေလ ၁၄ရက်**(ယနေ့)** ညနေ ၄နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄နာရီတွင် YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရိန်းဘိုးအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**



နေပြည်တော်   မေ   ၁၃

## နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာအနီးဖြစ်ပွားသည့် တိုက်ပွဲများတွင် ဓာတုအဆိပ်သင့်ဗုံးများကြဲချတိုက်ခိုက်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ သရက်ကုန်းကျေးရွာအနီးဖြစ်ပွားသည့် တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် မေလ ၈ ရက်နေ့က ကြဲချတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ မူးမော်ခြင်းနှင့် အော့အန်ခြင်းဝေဒနာများ ခံစားခဲ့ရကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့်တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ထိခိုက်သေဆုံးမှုများပြားခဲ့သည့် ယခင်တိုက်ပွဲများတွင်လည်း တပ်မတော်မှ ဓာတုအဆိပ်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ကြောင်း လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိပါသည်။

ယခုဖြစ်စဉ်မှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ထိခိုက်သေဆုံးမှုများပြားလျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။ **(၁၀၀)**

နေပြည်တော်   မေ   ၁၃

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Win-yuaung Kaungkaung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇေရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဝင်းယုအောင်(ခ)ကောင်းကောင်းနှင့် "Ko Ko Latt" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လပွတ္တာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ ကိုကိုလတ်တို့အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင် လပွတ္တာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

နေပြည်တော် မေ ၁၃

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ဆက်လက်ဆောင်ရွက်



အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ဆောင်ရွက်စဉ်။

တပ်မတော်တွင် ဆဋ္ဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၊ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇော်လင်းထွန်းနှင့် ဇနီးဖြစ်သူ အသည်းအလှူရှင် ဒေါ်ခင်ဆွေဝင်း တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီအချိန်တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၉ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် ၂ ဦးနှင့် အသည်းလက်ခံလူနာ ၂ ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

**"အသိပေးကြေညာချက်"**

၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

---

## ♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫

၁၄-၅-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

---






## ကြော်ငြာစာ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားပို့ကုန်/သွင်းကုန်လုပ်ငန်းဆောင်ရွက်ရန် ဆိပ်ကမ်းအခွန်အခ ကြိုတင်အပ်ငွေ(နှစ်ဟောင်း)၊ မြေ၊ ဂိုဒေါင်နှင့် စားသောက်ဆိုင်ငှားရမ်းခများအတွက် ကြိုတင်အပ်ငွေပေးသွင်းထားသူများသည် ခိုင်လုံသောအထောက်အထား၊ ငွေသွင်းချလန်မူရင်းနှင့်အတူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စာရင်းဌာနသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်ပြကြပါရန်နှင့် သက်ဆိုင်ရာအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်းဘွဲ့မြို့နယ်၊ ထီလုံကျေးရွာ၊ ကားဂိတ်ပိုင်းနေ အဘ ဦးအောင်ကိုလတ် ၃/လဘန(နိုင်)၀၇၄၂၁၊ အမိ ဒေါ်မြသီတာ ၃/လဘန(နိုင်) ၂၂၄၂၂၇ တို့၏သားဖြစ်သူ မောင်ထူးအာကာနိုင် ၃/လဘန(နိုင်) ၂၄၉၃၂၀ ကိုင်ဆောင်သူသည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**အဘ ဦးအောင်ကိုလတ်၊ အမိ ဒေါ်မြသီတာ**

### ပျောက်ဆုံးကြောင်း
မာဂျီဒါဘီ(ခ)မကြည်ကြည်မာ(ဘ)မိုဟာမက်ဟာရှင်(ခ)လှမြင့် ၁၂/ဒလန(နိုင်)၀၄၆၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 421722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
ချောကလျာ(ဘ)ဦးခင်မောင် ၁၃/လရန(နိုင်)၁၂၀၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 241728)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
စောဝါးရဲ(ဘ)ဦးကိုကိုကြီး ၇/ပခန(နိုင်)၃၃၇၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 230788)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဂုဏသာရ(ဘ)ဦးချစ်ဦး ၁၂/ဗဟန(သ)၀၀၁၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 266724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၉၀၀၅၁၅**

### ပျောက်ဆုံးကြောင်း
ဝင်းမင်းထွန်း(ဘ)ဦးကိုထွန်း ၁၂/ဒဂမ(နိုင်)၀၁၄၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 862917)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၈၉၇၃၉၁၆**

### ပျောက်ဆုံးကြောင်း
စိုးရန်အောင်(ဘ)ဦးတင်ဝင်း ၁၄/မအန(နိုင်)၁၄၈၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 589775)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၂၅၁၇၇၄**

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်ထွန်း(ဘ)စောထွန်းလှ ၁၂/ကမရ(နိုင်)၀၀၁၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 314278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၇၂၄၈၂၁၄**

### ပျောက်ဆုံးကြောင်း
ဝင်းအိခိုင်(ဘ)ဦးဘအုန်း ၁၂/ဒဂတ(နိုင်)၀၄၉၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 533682)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း
ညိုရီလင်း(ဘ)ဦးကြည်လင်း ၉/သစန(နိုင်)၁၃၇၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(785236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း
ကိုကိုမောင်(ဘ)ဦးကျော်သန်း ၁၄/ပသရ(နိုင်)၀၉၅၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(763583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၀၆၆၂၀၀**

### ပျောက်ဆုံးကြောင်း
လှလှမြင့်(ဘ)ဦးထွေးမောင် ၈/စလန(နိုင်)၀၃၅၃၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 338994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချိုဇင်အောင်(ဘ)ဦးမြင့်အောင် ၈/စတရ(နိုင်)၀၄၂၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 281262)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရင်ရင်ငွေ(ဘ)ဦးသိန်းထွန်း ၈/စတရ(နိုင်)၀၃၆၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 893543)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချစ်ထူးအောင်(ဘ)ဦးမြဝင်း ၁၂/တကန(နိုင်)၂၅၀၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 504777)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
နိုးနိုးနေဝင်း(ဘ)ဦးနေဝင်း ၁၂/ခရန(နိုင်)၁၀၄၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၅၄၈၈၁**

### ပျောက်ဆုံးကြောင်း
ရဲမင်းနိုင်(ဘ)ဦးသန်းလွင် ၇/ကတခ(နိုင်)၁၆၄၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 598092)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကျော်လှလှ(ဘ)ဦးစံငြိမ်း ၁၀/သရဖ(နိုင်)၁၀၈၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 601101)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မာမာမြင့်(ဘ)ဦးကြည်မြင့် ၈/ပဖန(နိုင်)၀၇၃၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရဲဝင်းဖြိုး(ဘ)ဦးအောင်ကျော်နိုင် ၁၁/စတန(နိုင်)၀၈၁၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 836643)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ငြိမ်း(ဘ)ဦးထိန်လင်း ၈/ခမန(နိုင်)၁၈၇၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 120416)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရဲလင်းနိုင်(ဘ)ဦးကျော်ဆွေ ၈/နမန(နိုင်)၂၃၂၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 11176)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဆက်ဝသုန်(ဘ)ဦးနန္ဒာအေးမောင် ၈/ပဖန(နိုင်)၁၈၁၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### အမည်မှန်
ဘားအံမြို့၊ အ. ထ. က(ခွဲ-၂)၊ Grade-4 မှ မောင်ရဲရင့်မင်းသန့်၏အမည်မှန်မှာ မင်းဘုန်းပြည့်မောင်ဖြစ်ပါကြောင်း။
**မင်းဘုန်းပြည့်မောင်**

### ပျောက်ဆုံးကြောင်း
မြတ်သူကို(ဘ)ဦးကိုကြီး ၉/ကဆန(နိုင်)၁၆၂၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MWD 0038645)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၁၅၉၃၀၄**

### ပျောက်ဆုံးကြောင်း
ကျော်စိုးမင်း(ဘ)ဦးချစ်သန်း ၇/နတလ(နိုင်)၁၁၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### မွေးသက္ကရာဇ်အမှန်
ကြာအင်းဆိပ်ကြီးမြို့၊ ပေါလောကုန်းရွာနေ (ဘ)ဦးစိန်ထွန်း ၃/ကဆက(နိုင်)၀၄၆၁၅၁ ၏ သမီး မညီညီဝင်း ၃/ကဆက(နိုင်) ၀၈၈၈၆၅ ၏ မွေးသက္ကရာဇ်အမှန်မှာ(၅-၁၁-၂၀၀၂)ဖြစ်ပါကြောင်း။
**၅-၁၁-၂၀၀၂**

### အမည်မှန်
ဘားအံမြို့၊ အ. ထ. က(တောင်ကလေး)၊ Grade-2 မှ မောင်သုနောင်လတ်၏ အမည်မှန်မှာ မောင်ဝိုင်းပိုင်သျှိုင်းဖြစ်ပါကြောင်း။
**မောင်ဝိုင်းပိုင်သျှိုင်း**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏**

## ကန့်ကွက်လွှာခေါ် ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကန်တောင်ကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းဘေး၊ ဦးပိုင်အမှတ်(၃/၃/ခ)၊ မြေကွက်အမှတ်(၉၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၀၅၆/ကန်စွယ်)နေ၊ ဦးခင်ဇော်ထွန်း (၁၂/အစန(နိုင်)၀၇၀၉၅၄)ကိုင်ဆောင်သူမှ (အလျား ၆၀'-၀"× အနံ ၅၅'-၀")RC(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

မက်ဒရစ်၊ ဘောလုံး

# လာမည့်ဘောလုံးရာသီတွင် ဂီရိုနာအသင်းချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရမည်

စပိန်ကလပ် ဂီရိုနာအသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းတစ်ခုကြောင့် ဝင်ခွင့်ရ၊ မရအတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်း သိရသည်။

ဂီရိုနာအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြမီချယ်၏ဦးဆောင်မှုနှင့်အတူ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်ပြိုင်ပွဲစည်းမျဉ်းအပိုဒ်(၇)ကြောင့် အခက်တွေ့ကြုံနေရခြင်းဖြစ်သည်။



လက်ရှိ ဂီရိုနာအသင်းသည် မန်စီးတီးအသင်းပိုင်ရှင်ဖြစ်သည့် City Football Group က ရှယ်ယာ ၄၇ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည့်အသင်းဖြစ်သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်ပြိုင်ပွဲစည်းမျဉ်းအပိုဒ်(၇)ဖြစ်သည့် အသင်းပိုင်ရှင်တူ ကလပ်အသင်းနှစ်သင်း ပြိုင်ပွဲတစ်ခုတည်းတွင် ပါဝင်ခွင့်ရရှိနေပါက သက်ဆိုင်ရာလိဂ်ပြိုင်ပွဲများတွင် အဆင့်သတ်မှတ်ချက်အမြင့်ဆုံးအသင်းက ဝင်ခွင့်ရရှိမည်ဖြစ်သည့်စည်းမျဉ်းနှင့် ငြိစွန်းနေခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ နှစ်ပွဲကစားရန် ကျန်ရှိနေသည့်အချိန်တွင် အဆင့်(၂)နေရာ၌ ရပ်တည်ရန်မှာသေချာနေခဲ့ပြီး ချန်ပီယံဆုအတွက်ပင် နီးစပ်နေသောကြောင့် ဂီရိုနာအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် မရေမရာဖြစ်နေခြင်းဖြစ်သည်။

သို့သော် ဂီရိုနာအသင်းအနေဖြင့် ဘဏ္ဍာရေးပိုင်းနှင့်ပတ်သက်ပြီး သီးသန့်ရပ်တည်နိုင်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်ဘဏ္ဍာရေးထိန်းချုပ်မှုအစည်းအရုံး(CFCB)တွင် သက်သေပြနိုင်မည်ဆိုပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

ဘာလင်၊ ဘောလုံး

# ယခုဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ချူပိုမိုတင်း ထွက်ခွာဖွယ်ရှိ

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ချူပိုမိုတင်းသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် ချူပိုမိုတင်းသည် ၂၀၂၀ ပြည့်နှစ်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ဘိုင်ယန်မြူးနစ်အသင်းကလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အစီအစဉ်မရှိသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရမည်ဖြစ်သည်။

ချူပိုမိုတင်းသည် အစောပိုင်းနှစ်များက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာမည့် ချူပိုမိုတင်းကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။ *Ref;Fabrizio Romano*

လန်ဒန်၊ ဘောလုံး

# အမျိုးသမီးအက်ဖ် အေဖလားပြိုင်ပွဲတွင် စပါးအမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး မန်ယူအမျိုးသမီးအသင်း ချန်ပီယံဆုဖလားဆွတ်ခူး

ယခုဘောလုံးရာသီ အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲဗိုလ်လုပွဲအဖြစ် စပါးအမျိုးသမီးအသင်းနှင့် မန်ယူအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားရာ မန်ယူအမျိုးသမီးအသင်းက ၄ ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲတွင် မန်ယူအမျိုးသမီးအသင်းသည် ချန်ပီယံဆုဖလား ငါးကြိမ်ဆွတ်ခူးထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ချယ်လ်ဆီးအမျိုးသမီးအသင်းကို ဆီမီးဖိုင်နယ်အဆင့်တွင် ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကာ စပါးအမျိုးသမီးအသင်းသည် လက်စတာအမျိုးသမီးအသင်းကို အချိန်ပိုသွင်းဂိုး ၂ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင်လည်း မန်ယူအမျိုးသမီးအသင်းသည် စပါးအမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ကစားနိုင်ခဲ့ကာ တိုနီ၊ ဝီလီယံနှင့် ဂါစီယာတို့၏သွင်းဂိုးများဖြင့်အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအမျိုးသမီးအသင်းသည် ၂၀၂၂- ၂၀၂၃ ဘောလုံးရာသီက အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်၌တွေ့ဆုံခဲ့သည့် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့်ယှဉ်ပြိုင်ကစားရာ ၁ ဂိုး- ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကာ ယခုဘောလုံးရာသီတွင် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *Ref;Sky Sports*

ဘာလင်၊ ဘောလုံး

# ဘိုချမ်အသင်းကိုအနိုင်ရရှိပြီးနောက် လေဗာကူဆင်အသင်း တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ဂျာမန်ဘွန်ဒက်စ်လီဂါ ရွှေဖလားဆွတ်ခူးနိုင်ရန် တစ်ပွဲသာလိုအပ်နေ

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ်ကစားသည့် ဘိုချမ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ပွဲစဉ်၌ လေဗာကူဆင်အသင်းက ၅ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် တစ်ရာသီလုံးရှုံးပွဲမရှိဘဲ ရွှေဖလားဆွတ်ခူးနိုင်ရန် တစ်ပွဲသာလိုအပ်နေကြောင်း သိရသည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် နည်းပြအလွန်ဆို၏ ဦးဆောင်မှုနှင့်အတူ ရာသီမပြီးဆုံးမီကတည်းက ဂျာမန်ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလား ဆွတ်ခူးထားနိုင်ခဲ့ပြီး နောက်ဆုံးပွဲစဉ်အဖြစ် အော့စ်ဘတ်အသင်းနှင့်ကစားမည့်ပွဲစဉ်တွင် မရှုံးနိမ့်အောင်ကစားနိုင်မည်ဆိုပါက ရွှေဖလားဆွတ်ခူးနိုင်မည်ဖြစ်သည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ၃၃ ပွဲကစားပြီးချိန်တွင် ၂၇ ပွဲအနိုင်ရရှိကာ ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ထားပြီး ပြိုင်ပွဲစုံတွင်လည်း ပွဲ ၅၀ ကစားပြီးချိန်တွင် ၄၁ ပွဲအနိုင်ရရှိခဲ့ကာ ကိုးပွဲသရေရလဒ်ထွက်ပေါ်ထားပြီး ရှုံးပွဲမရှိ ပွဲဆက်အများဆုံးအသင်းအဖြစ်လည်း ရပ်တည်လျက်ရှိသည်။

ယခုဘောလုံးရာသီ၌ နည်းပြအလွန်ဆို၏ လေဗာကူဆင်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်ထားပြီး ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ တက်ရောက်ထားကြောင်း သိရသည်။

*Ref;B/R Football*




ရန်ကုန် မေ ၁၃

# ရန်ကုန်မြို့တွင်း ရေကြီးရေလျှံမှုကာကွယ်ရေး ဒုတိယမြို့တော်ဝန် ဦးညီညီ ကွင်းဆင်းစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း မိုးသည်းထန်စွာရွာသွန်းချိန် ရေကြီးရေလျှံမှုဖြစ်လေ့ရှိသည့် စမ်းချောင်း၊ ဗဟန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပနှင့် တာမွေမြို့နယ်တို့အတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဦးစွာ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် ဒဂုံစင်တာဘေးရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စမ်းချောင်းလမ်း၊ ပဒေသာလမ်း၊ ဓမ္မာရုံလမ်းနှင့် ချမ်းသာလမ်းတို့ရှိ လမ်းဘေးရေနုတ်မြောင်းများပါ တစ်ပါတည်း ရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် ဆရာစံလမ်းနှင့်အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရေနုတ်မြောင်း၊ ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် မိုးကောင်းလမ်းနှင့် ပြည်သာယာလမ်းထောင့်ရှိ ခုနစ်ပင်လိမ်ချောင်း၊ တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် ဟိရီလမ်းနှင့် ပြဟ္မစိုရ်လမ်းကြားရှိ ဝေဇယန္တာလမ်းအရှေ့ဘက်ခြမ်း ရေနုတ်မြောင်းနှင့် တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက် ၁၅၅ လမ်းရှိ လမ်းဘေးရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က လုပ်ငန်းများဆောင်ရွက်ရာမှ ထွက်ရှိလာသည့် အမှိုက်၊ သဲ၊ ခဲနှင့် မြောင်းချေးများအား တစ်ပါတည်း ရှင်းလင်းဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးဝေ**




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရန်ကုန်(မရမ်းကုန်း) | (၀. ၄၇)လက်မ |
| မြိတ် | (၀. ၄၇)လက်မ |
| မအူပင် | (၀. ၄၀)လက်မ |
| ကျိုက်လတ် | (၀. ၄၀)လက်မ |
| ကျောက်မဲ | (၀. ၃၂)လက်မ |
| ညောင်ရွှေ | (၀. ၂၄)လက်မ |
| ဟားခါး | (၀. ၂၄)လက်မ |
| ခရမ်း | (၀. ၂၄)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| အောင်လံ | ၄၂. ၆ °C |
| တောင်တွင်းကြီး | ၄၂. ၅ °C |
| ကျောက်ဆည်(လွန်ကျော်) | ၄၂. ၀ °C |
| မင်းဘူး | ၄၁. ၅ °C |
| ရွှေကျင် | ၄၁. ၅ °C |
| ညောင်ဦး | ၄၁. ၃ °C |
| ချောက် | ၄၁. ၃ °C |
| မကွေး | ၄၁. ၃ °C |
| ပြည် | ၄၁. ၂ °C |
| ငါးသိုင်းချောင်း | ၄၁. ၂ °C |
| မော်လမြိုင် | ၄၁. ၂ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပန်းတနော် | (၁. ၂၇)လက်မ |
| ဖလမ်း | (၀. ၈၇)လက်မ |
| ဘိုကလေး | (၀. ၇၄)လက်မ |
| ဒေးဒရဲ | (၀. ၅၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၇ |
| ရှမ်း(မြောက်) | ၁၉ | ၃၃ |
| ရှမ်း(အရှေ့) | ၁၉ | ၃၆ |
| ရှမ်း(တောင်) | ၁၇ | ၃၀ |
| ချင်း | ၁၅ | ၂၉ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၈ |
| စစ်ကိုင်း(အောက်) | ၂၇ | ၄၀ |
| နေပြည်တော် | ၂၈ | ၃၉ |
| မန္တလေး | ၂၉ | ၄၁ |
| မကွေး | ၂၆ | ၄၂ |
| ရခိုင် | ၂၄ | ၃၇ |
| ပဲခူး | ၂၆ | ၄၀ |
| ရန်ကုန် | ၂၅ | ၃၈ |
| ဧရာဝတီ | ၂၅ | ၄၀ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၆ | ၄၀ |
| မွန် | ၂၆ | ၃၉ |
| တနင်္သာရီ | ၂၇ | ၃၉ |

နေပြည်တော် မေ ၁၃

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၁၁ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေညောင်-ရပ်စောက်လမ်း ရေပူရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် TOMZN Circuit Breaker (၂၂၅)ခု၊ တရုတ်စာတမ်းပါအချိုရည် (၄၅၆)ဘူးအပါအဝင် ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၇၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၇၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၁၁ ရက်**တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး(၁၈၀၀၀)အပါအဝင် ကုန်ပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မေလ ၁၂ ရက်**တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၂၆၉)တန်၊ သစ်မာ (သုည ဒသမ ၈၃၉)တန်နှင့် အခြားသစ် (၅ ဒသမ ၁၁၀) တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၂၅၃၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၁၂၅၃၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၂ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့နယ်၊ စံပါရီကျေးရွာအနီး၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ် (၂)စီး၊ Honda Fit မော်တော်ယာဉ် (၁)စီးနှင့် Honda Insight မော်တော်ယာဉ် (၁)စီး၊ စုစုပေါင်း မော်တော်ယာဉ်(၄)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **မေလ ၁၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်တရုတ်နိုင်ငံထုတ် လက်ဖက်ရည်စားပွဲ (၉၄)လုံး၊ TV Stand (၉၃)ခုအပါအဝင် ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၄၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၁၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၀၄၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၈၂၉၅၃၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁၃

# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ဖမ်းဆီးရမိ

ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၁၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာအုပ်စု ဝမ်တာပုံကျေးရွာအနီးတွင် လမ်းလျှောက်လာသော အိုက်ကျောက်အား စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀သိမ်းဆည်းရမိခဲ့သဖြင့် အိုက်ကျောက် ၂၆ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



အိုက်ကျောက်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။


ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညွှန်းအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၀ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်း‌ငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်
Customs Duty များ ပေးဆောင်ရာတွင်
MMM Service အသုံးပြု၍
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
Fresh LEMON
DAGON Lemon Barley Sparkling
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

### အစဉ်လေးစားဂုဏ်ယူနေမည် ပြည်သူချစ်သည့် ပြည်သူ့သားကောင်းများ

ဆောင်းပါး စာ - ၁၅ သို့

### ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပပြုလုပ်

စာ - ၁၂ သို့

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)သို့တက်ရောက်ရန် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီး၌ စုဖွဲ့ထားရှိသည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော်  မေ  ၁၃**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်

စာမျက်နှာ ၂၂ ကော်လံ ၁ ●



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**၁၃-၅-၂၀၂၄**

### ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ချောက် | ၄၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၄၂ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ပြည် | ၄၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၄၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | |

### အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ဆက်လက်ဆောင်ရွက်

စာ - ၂၃ သို့

### ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

စာ - ၁၀ သို့

### မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းက YREO အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိ

စာ - ၁၀ သို့

